**KHRG** ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**ခါတ်ပုံသတင်း**

ဇူလိုင်လ ၂၄ ရက်၊ ၂၀၂၆ ခုနှစ် /KHRG စာအမှတ်- 26-2-PS1

# ခါတ်ပုံသတင်း - မြန်မာစစ်တပ်မှ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအထိ)

*ဤခါတ်ပုံသတင်းသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ မှ ဇွန်လအထိ မြန်မာစစ်တပ်မှ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် အဓိကကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ခါတ်ပုံအထောက်အထားများကို ဖော်ပြထားပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ အစီရင်ခံစာကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု၏ သက်ရောက်မှုများကို ဖော်ပြထားသည့် ခါတ်ပုံ ၁,၇၀၁ ပုံကိုလက်ခံရရှိခဲ့ပါသည်။ ဤလူ့အခွင့်အရေးချိုးဖောက်မှုခါတ်ပုံများတွင် လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှု၊ မြေမြှုပ်မိုင်း၊ တွေ့လျှင်ပစ်စနစ်၊ အဓမ္မဖမ်းဆီးခြင်းနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများ ပါဝင်ပါသည်။ မြန်မာအာဏာသိမ်းစစ်တပ်၏ ၂၀၂၆ ခုနှစ် ဒုတိယနှင့်တတိယအကြိမ်ကျင်းပသော ဒီမိုကရေးစီနည်းလမ်းအရ ရွေးချယ်တင်မြှောက်ခြင်းမရှိသည့် ရွေးကောက်ပွဲနှင့်အတူ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလနှင့်ဇွန်လအတွင်း မြန်မာစစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်မှုမှာ ပိုမိုဆိုးရွားလာပါသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုမှု၌ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများ၊ ဒရုန်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုများ ပို၍များပြားလာကြောင်းဖော်ပြထားပြီး အဆိုပါတိုက်ခိုက်မှုများကြောင့် ဒဏ်ရာရခြင်း၊ သေဆုံးခြင်း၊ နေအိမ်များ၊ စိုက်ပျိုးရေးစိုက်ခင်းများ၊ လူမှုအသိုက်အဝိုင်းအဆောက်အအုံများ ဖျက်ဆီးခံရခြင်းနှင့် ရွာသားများ၏ထွက်ပြေးတိမ်းရှောင်နေရမှုများလည်း ပို၍များပြားလာပါသည်။ ၂၀၂၆ ခုနှစ်တွင် မြန်မာစစ်တပ်၏စစ်ရေးလှုပ်ရှားမှုများနှင့် မြေပြင်စစ်သားများမှ နေရာဒေသအများအပြားသို့ ဝင်ရောက်မှုများတိုးများလာသဖြင့် ဒေသခံရွာသားများသည် ဖမ်းဆီးခံရခြင်း၊ သတ်ဖြတ်ခံရခြင်း၊  နှိပ်စက်ခံရခြင်း၊ ပေါ်တာဖမ်းခံရခြင်း၊ လမ်းပြဖြစ်စေခြင်း၊ အဓမ္မစစ်သားစုဆောင်းခံရခြင်းနှင့် အဓမ္မပျောက်ဆုံးစေခြင်းတို့မှာ ပိုမိုများပြားလာခဲ့ပါသည်။ မြန်မာစစ်တပ်မှကျူးလွန်သည့် ဤကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်မှုများသည် ဒေသခံရွာသားများကို အမြဲတစေ အကြောက်တရားအောက်၌ရှိစေပြီး နေရပ်ရွှေ့ပြောင်းတိမ်းရှောင်နေရခြင်းကြောင့် မလုံခြုံမှုအပြင် အရေးကြီးလိုအပ်သည့် ဝန်ဆောင်မှုများဖြစ်သည့် ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးဝမ်းကြောင်းတို့အား လက်လှမ်းမီနိုင်ရန် အကန့်အသတ်ရှိမှုတို့ဖြင့် ရင်ဆိုင်ကြုံတွေ့နေရကြပါသည်။*

## ဓာတ်ပုံသတင်း - မြန်မာစစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဒဏ်ရာရမှု၊ သေဆုံးမှု၊ ပိုင်ဆိုင်မှုများပျက်စီးဆုံးရှုံးမှုနှင့် နေရပ်ရွှေ့ပြောင်းတိမ်းရှောင်မှုများကို ဖြစ်ပေါ်စေခြင်း (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဖွန်လအထိ)

၂၀၂၆ ခုနှစ်တွင် မြန်မာအာဏာသိမ်းစစ်တပ်မှ ဒုတိယနှင့် တတိယအကြိမ် စီစဥ်ကျင်းပပြုလုပ်သော ဒီမိုကရေစီနည်းလမ်းအရ ရွေးချယ်တင်မြောက်ခြင်းမရှိသည့် အထွေထွေရွေးကောက်ပွဲနှင့်အတူ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် မြန်မာစစ်တပ်၏ လူ့အခွင့်အရေးချို့ဖောက်မှုများမှာလည်း ပိုမိုဆိုးရွားလာခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဖွန်လအတွင်း[1] ဤချိုးဖောက်ကျူးလွန်မှုများထဲတွင် အဓိကအားဖြင့် ဒေသခံရွာသားများအပေါ် လေကြောင်းတိုက်ခိုက်မှုများ၊ လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုများကြောင့် အရပ်သားအများအပြားသေဆုံးခြင်းနှင့် ဒဏ်ရာရခြင်းတို့ကို မကြာခဏဖြစ်ပေါ်စေပါသည်။[2] စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်းများအပါအဝင် အရပ်သားများ၏နေအိမ်များ၊ စိုက်ပျိုးရေးစိုက်ခင်းများနှင့် လူမှုအသိုက်အဝိုင်းအဆောက်အအုံများ ဖျက်ဆီးခံရခြင်းနှင့် နေရပ်ရွှေ့ပြောင်းတိမ်းရှောင်နေရမှုမှာလည်း ပို၍များပြားလာခဲ့ပါသည်။[3] ဤတိုက်ခိုက်မှုများအတွင်း မြန်မာစစ်တပ်မှ တိုက်လေယာဥ်များ၊ ဒရုန်းများ၊ ပါရာမော်တာများနှင့် အသေခံဒရုန်းများကို ပိုမိုတိုးမြင့်အသုံးပြုလာကြပြီး ပေါင် ၃၀၀ မှ ၅၀၀ အထိရှိဗုံးများ၊ ခလတ်စတာဗုံးများ၊ အရွယ်အစားအမျိုးမျိုးရှိသောမော်တာများနှင့် စက်သေနတ်များအပါအဝင် လက်နက်အမျိုးမျိုးအသုံးပြုသဖြင့် ဒေသတွင်းသတ်မှတ်ထားသည့် ကရင်ပြည်နယ်ရှိခရိုင်ခုနှစ်ခရိုင်ဖြစ်သော ဒူးသထူ (သထုံ)၊ တောအူး (တောင်ငူ)၊ ခလယ်လွီထူ (ညောင်လေးပင်)၊ ဘိတ်-ထားဝယ်၊ မူတြော် (ဖာပွန်)၊ ဒူးပလာယာနှင့် ဘားအံခရိုင်တို့တွင် ပျက်စီးမှု၊ ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများပိုမိုဖြစ်ပေါ်လာစေပါသည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဖွန်လအထိ အစီရင်ခံစာကာလအတွင်း ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ မြန်မာပြည်အရှေ့တောင်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှု ၅၆ ကြိမ်၊ ဒရုန်းတိုက်ခိုက်မှု ၂၆ ကြိမ်၊ လက်နက်ကြီးပစ်ခတ်မှု ၄၄ ကြိမ်နှင့် မြေမြှုပ်မိုင်းဖြစ်ရပ်သုံးခုကို မှတ်တမ်းပြုစုခဲ့ပါသည်။ မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှု၊ ဒရုန်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုများကြောင့် ကလေး ၂၂ ဦး (ယောကျ်ားလေး ၁၀ ဦး၊ မိန်းကလေး ၁၁ ဦး၊ ကျား/မ မသိတစ်ဦး) သေဆုံးသွားခဲ့ပြီး ကလေးအနည်းဆုံး ၂၅ ဦး (ယောကျ်ားလေး ၁၀ ဦး၊ မိန်ကလေး ၁၅ ဦး) ဒဏ်ရာရရှိသွားခဲ့ပါသည်။ သက်ကြီးရွယ်အိုများထဲမှ ၄၄ ဦး (အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၂၅ ဦး၊ ကျား/မ မသိတစ်ဦး) သေဆုံးသွားခဲ့ပြီး ၁၀၂ ဦး (အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ၄၈ ဦး၊ ကျား/မ မသိ ၁၅ ဦး) တို့ ဒဏ်ရာရရှိခဲ့ပါသည်။ ထို့အပြင် စာသင်ကျောင်း ၈ လုံး၊ ဘုန်းကြီးကျောင်း ၁၀ လုံး၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်း ၅ လုံးနှင့် အခြားနေအိမ်မြောက်များစွာထိခိုက်၊ ပျက်စီးသွားခဲ့ပါသည်။ မြန်မာစစ်တပ်၏ စစ်ရေးလှုပ်ရှားမှုအတော်အတွင်း ဒေသခံရွာသားများ

---

[1] ဤအစီရင်ခံစာသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဖွန်လ တွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) မှ လေ့ကျင့်သင်ကြားပေးထားသော ခရိုင်ခုနှစ်ခရိုင်ရှိ ဒေသခံများမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါ သည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံ နှင့် နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။

[2] KHRG မှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေသော "လေယာဉ်ပျံလာပြီး (ကဘောယူဟဲလီး)"၊ စာမျက်နှာ ၃၃ ၊နှင့် ၂၀၂၅ ခုနှစ်၊ ဩဂုတ်လတွင်ထုတ်ဝေသော "အန္တရာယ်အောက်ကျရောက်နေသော ရပ်ရွာလူထုနေရာများ - နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) မှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ရပ်ရွာအဆောက်အဦး များ နှင့် ရိုးရာယဥ်ကျေးမှုအခမ်းအနားများအား တိုက်ခိုက်ဖျက်ဆီးခြင်း (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဖွန်လအထိ)" နှင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "ဓာတ်ပုံသတင်း - SAC မှ အရပ်သားနေရပ်ဒေသများသို့ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်သောကြောင့် ဒဏ်ရာရသေဆုံးခြင်းများ၊ ပျက်စီးခြင်းများနှင့် နေရပ်ထွက်ပြေးတိမ်းရှောင်နေရခြင်း (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ မှ ဒီဇင်ဘာလအ ထိ)" တွင် ကြည့်ပါ။

[3] KHRG မှ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသော "ဓာတ်ပုံသတင်း - ဗမာစစ်တပ်၊ BGF နှင့် အခြားလက်နက်ကိုင်ပူးပေါင်းတပ်ဖွဲ့ များမှ မြန်မာပြည်အရှေ့တောင်ပိုင်းရှိ ကျေးရွာများသို့ လက်နက်ကြီးပစ်ခတ် ခြင်းနှင့် ၎င်း၏သက်ရောက်မှုများ (၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ မှ နိုဝင်ဘာလထိ)" တွင် ကြည့်ပါ။

သည် ဖမ်းဆီးခံရခြင်း၊ သတ်ဖြတ်ခံရခြင်း၊ နှိပ်စက်ခံရခြင်း၊ အဓမ္မပေါ်တာဆွဲခံရခြင်း၊ အဓမ္မလမ်းပြဖြစ်စေခြင်း၊ အဓမ္မစစ်သားစုဆောင်ခံရခြင်းနှင့် အဓမ္မပျောက်ဆုံးစေခြင်းတို့အား ခံစားကြရပါသည်။ KHRG အနေဖြင့် အစီရင်ခံစာကာလအတွင်း မြန်မာစစ်တပ်၏အဓိကကျူးလွန်သော အဓမ္မဖမ်းဆီးခြင်း သို့မဟုတ် လွတ်လပ်စွာသွားလာခွင့်အားတားဆီးခြင်း ဖြစ်ရပ် ၁၅ ခုကို မှတ်တမ်းပြုစုခဲ့ပြီး ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) မှ လည်းကျူးလွန်ခဲ့ကြပါသည်။ KHRG မှ KNLA အပါအဝင် မြန်မာစစ်တပ်မှ ကျူးလွန်သော ပစ်သတ်မှုဖြစ်ရပ် ၃ ခုကို မှတ်တမ်းပြုစုခဲ့ပြီး ရွာသား ၁၁ ဦးသေဆုံးသွားခဲ့ပါသည်။ ထို့အပြင် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် အမျိုးသားတစ်ဦးဒဏ်ရာရရှိခဲ့ပြီး အမျိုးသားနှစ်ဦးသေဆုံးသွားခဲ့ပါသည်။

အချို့သောရွာသားများသည် ဒေသခံကရင်အမျိုးသားအစည်းအရုံး (KNU) အာဏာပိုင်များထံမှ မြန်မာစစ်တပ်၏ပြုလုပ်မည့်တိုက်ခိုက်မှုများ သို့မဟုတ် တိုက်ပွဲများနှင့်ပတ်သက်၍ ကြိုတင်သတိပေးခြင်းရှိသော်လည်း ဖြစ်ရပ်အများစုတွင် ဖြစ်စဥ်များသည် ရုတ်တရက်နှင့် ကြိုတင်အသိပေးခြင်းမရှိပဲ ဖြစ်ပေါ်သောကြောင့် ဒေသခံ KNU အာဏာပိုင်များသည် သတိပေးမှုများမပြုလုပ်နိုင်ကြပါ။ ထိုကြောင့် ဒေသခံလူမှုအသိုက်အဝိုင်းများသည် မြန်မာစစ်တပ်၏တိုက်ခိုက်ခံရမှုမှ အမြဲတစေသတိဖြင့်နေထိုင်နေကြရပြီး ကြောက်ရွံ့စွာနေထိုင်နေကြရပါသည်။ ရပ်ရွာများနှင့် လူမှုအသိုက်အဝိုင်းအဆောက်အအုံများအား ရမ်းသမ်းပစ်ခတ်ခြင်း သို့မဟုတ် ပစ်မှတ်ထားတိုက်ခိုက်ခြင်းစသည့် လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်မှုများကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းရှိရွာသားအများအပြား ၎င်းတို့၏နေအိမ်များမှ ထွက်ပြေးတိမ်းရှောင်နေရပြီး တောထဲ၊ ဂူထဲ၊ မြို့များနှင့် နယ်စပ်ဒေသများတွင် ခိုလှုံရာနေရာ ရှာခဲ့ကြရပါသည်။

ဤခေတ်ပုံသတင်းတွင် အစီရင်ခံစာကာလအတွင်း လက်ခံရရှိသော ခေတ်ပုံစုစုပေါင်း ၁,၇၀၁ ပုံမှ ၇၆ ခေတ်ပုံပါဝင်ပြီး မြန်မာအာဏာသိမ်းစစ်တပ်၏ ရွေးကောက်ပွဲနှင့်အတူ အဆက်မပြတ်တိုက်ခိုက်မှုများကြောင့် မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်လာသော လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်သည့် သက်ရောက်မှုကို မှတ်တမ်းပြုစုထားပါသည်။ ဤထဲတွင်ပါသော ခေတ်ပုံ ၅၉ ပုံကို ဒေသအတွင်း လူ့အခွင့်အရေးအခြေအနေကို လေ့လာစောင့်ကြည့်ရန်အတွက် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဒေသခံအဖွဲ့ဝင်များက ရိုက်ယူခဲ့ခြင်းဖြစ်ပြီး ကျန်ရှိသည့်ခေတ်ပုံ ၁၇ ပုံ ကို ရွာသားများနှင့် ဒေသခံအာဏာပိုင်များထံမှ လက်ခံရရှိခဲ့ခြင်းဖြစ်သည်။ ခေတ်ပုံများသည် ဒဏ်ရာရသေဆုံးခြင်း၊ နေအိမ်အဆောက်အအုံများ ဖျက်စီးခံရခြင်း၊ နေရပ်ရွှေ့ပြောင်းတိမ်းရှောင်နေရခြင်း၊ မြန်မာစစ်တပ်မှလေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့် စစ်ရေးလှုပ်ရှားမှုများအတွင်း လက်နက်မျိုးစုံအသုံးပြုခြင်းစသည်တို့ကို ဖော်ပြထားပါသည်။ ထိခိုက်နစ်နာသူများ၏ အမည်များ၊ ၎င်းတို့၏မျက်နှာနှင့် နေရပ်လိပ်စာအတိအကျကို လုံခြုံရေးအတွက် ဆင်ဆာဖြတ်ထားပါသည်။

## ဒူးသထူ (သထုံ) ခရိုင်





ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် ဒူးသထူ (သထုံ) ခရိုင်၊ ဘားအံမြို့နယ်၊ နို့မကွီးကျေးရွာအုပ်စု၊ အအ--- ကျေးရွာ၌ရှိသော လယ်ကွင်းတစ်ခုတွင် ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ ညနေ ၄း၁၆ မိနစ်တွင် တောင်ကလေးစစ်တပ်စခန်းအခြေစိုက် ခြေမြန်တပ်မ (ခမတ) အမှတ် (၂၂) လက်အောက်ရှိ မြန်မာစစ်တပ်ခြေမြန်တပ်ရင်း (ခမရ) အမှတ် (၂၀၂) မှ အအ--- ကျေးရွာသို့ လက်နက်ကြီး ရမ်းသမ်းပစ်ခတ်ခဲ့ပါသည်။ ဘယ်ဘက်တွင်ရှိသောဓာတ်ပုံတွင် ပစ်ခတ်လိုက်သည့် ၁၂၂ လက်နက်ကြီးတစ်လုံးသည် အအ--- ကျေးရွာအနီးရှိ လယ်ယာတစ်ခုတွင် ကျရောက်ပေါက်ကွဲခဲ့သည့်ပုံကို ဖော်ပြထားပါသည်။ အဆိုပါလယ်ယာအား နို့မကွီးကျေးရွာအုပ်စု၊ အဘ--- ကျေးရွာမှ အသက် ၈၈ နှစ်ရှိ နော်အ--- ပိုင်ဆိုင်ပါသည်။ နော်အ--- သည် အသက် ၈၈ နှစ်ရှိပြီးဖြစ်သောကြောင့် လယ်ယာတွင်မလုပ်ကိုင်နိုင်တော့ပါ။ ထို့ကြောင့် သူမ၏တူဖြစ်သူ အသက် ၆၉ နှစ်ရှိ စောဘ--- မှ သူမအတွက် လယ်လုပ်ကိုင်လျှက်ရှိပါသည်။ စောဘ--- သည် စပါးရိတ်သည့် အချိန်တွင် လက်နက်ကြီးသည် လယ်ယာထဲသို့ကျရောက်ခဲ့ပါသည်။ အဆိုပါပေါက်ကွဲသွားသည့် လက်နက်ကြီးအပိုင်းအစများသည် အဆိုပါနေရာ တစ်ဝိုက်တွင် ပြန့်ကျဲလွင့်စင်သွားခဲ့ပါသည်။ စောဘ--- သည် လက်နက်ကြီးအပိုင်းအစများနှင့် ထိမှန်ခြင်းမရှိခဲ့သော်လည်း မာကျောသော၌ရှိခဲ့ သည် ၎င်း၏ကျောဘက်ကိုထိမှန်ခဲ့ပါသည်။ ညာဘက်ဓာတ်ပုံတွင် လက်နက်ကြီးအပိုင်းအစထိမှန်သဖြင့် ဒဏ်ရာရရှိသွားခဲ့သော စောဘ--- ၏နွားပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ - KHRG)*








ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်၊ ပယားရောကျေးရွာအုပ်စု၊ အဆ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ KNLA နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) တို့လေကေ့စစ်တပ်စခန်းအားတိုက်ခိုက်ပြီး KNLA နှင့် PDF ပူးပေါင်းတပ်ဖွဲ့နှင့် စစ်ကွပ်ကဲအခြေစိုက် (စကခ) အမှတ် (၈) လက်အောက်ခံ မြန်မာစစ်တပ်၏ ခမရ အမှတ် (၄၀၉) တို့ကြား တိုက်ပွဲဖြစ်ပွားပြီးသည့်နောက် မြန်မာစစ်တပ်မှ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့မှ ဧပြီလ ၁၂ ရက်နေ့အထိ နေ့စဉ် အဆ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှု အကြိမ်ရေများစွာပြုလုပ်ခဲ့ပါသည်။ ဤလေကြောင်းတိုက်ခိုက်မှုအတွင်း မြန်မာစစ်တပ်မှ တိုက်လေယာဉ်ဖြင့် ပေါင် ၅၀၀ ဗုံး ဆယ်လုံးကျော်ကြဲချခဲ့သည့်အပြင် Y-12 လေယာဉ်ဖြင့် လက်နက်ကြီးအလုံးရေ ၁၀၀ ကျော်ကြဲချခဲ့ပါသည်။ ဤလေကြောင်းတိုက်ခိုက်မှုကြောင့် နေအိမ် ၅၀ ကျော်အပြင် ဈေးဆိုင်များ၊ ဘုန်းကြီးကျောင်းတစ်လုံး၊ ထမင်းစားခန်းတစ်လုံး၊ သိမ်တစ်လုံးနှင့် စာသင်ကျောင်းတစ်လုံး ပျက်စီးသွားခဲ့ပါသည်။ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုကြောင့် ရော်ဘာပင်များစွာလည်း ပျက်စီးသွားခဲ့ပါသည်။ အထက်ဘက်ရှိဓာတ်ပုံများသည် အဆ--- ကျေးရွာရှိ ရွာသားများ၏ နေအိမ်ပျက်စီးသွားသော ဓာတ်ပုံများကို ဖော်ပြထားပါသည်။ အောက်ဘယ်ဘက်ရှိဓာတ်ပုံသည် ဂူထဲတွင်ခိုလှုံနေကြသော အဆ--- ကျေးရွာမှ ထွက်ပြေးတိမ်းရှောင်နေကြသည့် ရွာသားများ၏ပုံကို ဖော်ပြထားပါသည်။ အောက်ညာဘက်ရှိဓာတ်ပုံသည် အဆ--- ကျေးရွာသို့ကျရောက်သည့် ပေါက်ကွဲသွားသော လက်နက်ကြီးအပိုင်းအစများနှင့် မပေါက်ကွဲသေးသည့် လက်နက်ကြီး၏ပုံကို ဖော်ပြထားပါသည်။ ပူးပေါင်းတပ်ဖွဲ့များမှ လေကေ့စစ်တပ်စခန်းကို စတင်သိမ်းပိုက်ခြင်းမပြုမီ ရွာသားများအားလုံးသည် မြစ်ချောင်းများ၊ တောတောင်များ၊ လယ်တဲများ၊ ဂူများနှင့် တောင်ယာတဲများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ အချို့ရွာသားများသည် ၎င်းတို့၏အိမ်အသုံးအဆောင်ပစ္စည်းများ၊ အစားအစာများနှင့် အခြားသောပိုင်ဆိုင်မှုများကို သယ်ဆောင်လာနိုင်ခြင်းမရှိကြပါ။ ထို့ကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့်ရွာသားများသည် နေရာထိုင်ခင်း၊ အစားအစာနှင့် ဆေးဝါးများရရှိရန်အခက်အခဲများဖြင့် ရင်ဆိုင်နေကြရသည်။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လတွင် အဆိုပါရွာသားများသည် ၎င်းတို့၏ကျေးရွာသို့ ပြန်လည်နေထိုင်ရန် ကြောက်ရွံ့နေကြပြီး ထွက်ပြေးတိမ်းရှောင်နေကြရဆဲဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*







ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ဟာတရဲ့ကျေးရွာအုပ်စု၊ အဒ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် မြန်မာစစ်တပ်၏ Y-12 တိုက်လေယာဥ်တစ်စီးမှ အဒ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပါသည်။ ကြဲချလိုက်သောဗုံးများထဲမှ တစ်လုံးသည် စောဆ--- ၏နေအိမ်ရှေ့သို့ ကျရောက်ပေါက်ကွဲသွားခဲ့ပြီး အခြားဗုံးတစ်လုံးသည် စောဒ--- ၏နေအိမ်နောက်ဘေးသို့ ကျရောက်ပေါက်ကွဲသွားခဲ့ပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုတွင် စောဆ--- သေဆုံးသွားခဲ့ပြီး စောဃ--- ဒဏ်ရာရရှိသွားခဲ့ပါသည်။ ထို့အပြင် စောဒ--- နေအိမ်နောက်ဘေးသို့ကျရောက်ပေါက်ကွဲသွားခဲ့သည် ဗုံးအပိုင်းအစများသည် နေအိမ်အချို့အား ထိမှန်ပျက်စီးသွားခဲ့ပြီး စောဆ--- ၏ နေအိမ်ရှေ့သို့ကျရောက်ပေါက်ကွဲသွားခဲ့သည့် နေအိမ်များနှင့် အိမ်မွေးတိရိစ္ဆာန်သေဆုံးသွားခဲ့ပါသည်။ အထက်ဘယ်ဘက်ရှိဓာတ်ပုံသည် ပါးနှစ်ဖက်စလုံးတွင် ဒဏ်ရာရရှိသွားသည့် စောဃ--- ၏ပုံဖြစ်ပြီး အထက်ညာဘက်ရှိပုံသည် ဗုံးအပိုင်းအစထိမှန်၍ နေရာတွင်ပင်သေဆုံးသွားသော စောဆ--- ၏ပုံကိုဖော်ပြထားပါသည်။ အောက်ဘယ်ဘက်ရှိပုံသည် ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားသော နွားတစ်ကောင်၏ပုံကို ဖော်ပြထားပါသည်။ အဆိုပါဗုံးကြဲတိုက်ခိုက်မှုကြောင့် နေအိမ်စုစုပေါင်း ၁၅ လုံးပျက်စီးသွားခဲ့ပြီး ရွာသားများသည် ကြောက်ရွံ့မှုနှင့် အမြဲတစေသတိဝိရိယရှိစွာ ရှိနေခဲ့ကြရပါသည်။ *(ဓာတ်ပုံ - KHRG)*







ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ နို့မကြီးကျေးရွာအုပ်စု၊ အဃ--- ကျေးရွာအနီး၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့ ညနေ ၄း၅၀ မိနစ်တွင် မြန်မာစစ်တပ်တိုက်လေယာဥ်တစ်စီးမှ အဃ--- ကျေးရွာသို့ ဗုံးခြောက်လုံးကြဲချခဲ့ပါသည်။ ဘယ်ဘက်ရှိဓာတ်ပုံသည် ပေါက်ကွဲသွားသည်ဗုံးတစ်လုံး၏ အမြီးပိုင်းကိုဖော်ပြထားပြီး ညာဘက်ရှိဓာတ်ပုံသည် အဃ---ကျေးရွာရှိ ရော်ဘာခြံထဲသို့ကျရောက်သွားခဲ့သည် မပေါက်ကွဲသေးသောဗုံးတစ်လုံး၏ပုံကို ဖော်ပြထားပါသည်။ ပထမလေကြောင်းတိုက်ခိုက်မှုအတွင်း အဆိုပါတိုက်လေယာဥ်တစ်စီးမှ ဗုံးသုံးလုံးကြဲချခဲ့ပါသည်။ အဆိုပါဗုံးထဲမှ နှစ်လုံးပေါက်ကွဲသွားခဲ့ပြီး ရွာသားများ၏ပိုင်ဆိုင်မှုများ ပျက်စီးသွားခဲ့ကာ အခြားသောဗုံးတစ်လုံးသည် မပေါက်ကွဲသေးပဲကျန်ရှိနေပါသည်။ ပထမလေကြောင်းတိုက်ခိုက်မှုပြီးသည့်နောက် အဆိုပါလေယာဥ်မှ အဃ--- ကျေးရွာသို့ ဗုံးသုံးလုံးထပ်မံကြဲချခဲ့သည့်အပြင် လေယာဥ်မှ စက်သေနတ်များဖြင့်ပစ် ခတ်ခဲ့ပါသည်။ အဆိုပါဗုံးများသည် ရွာသားများ၏ရော်ဘာခြံပတ်လည်နှင့် ခြံထဲသို့ကျရောက်ခဲ့ပြီး ရော်ဘာပင်ရာနှင့်ချီပျက်စီးသွားခဲ့ပါသည်။ မြန်မာစစ်တပ်၏လေယာဥ်မှ ဗုံးကြဲပြီးမိနစ်အနည်းငယ်အကြာတွင် ခမရ အမှတ် (၂၀၂) မှစစ်သားများသည် ၁၂၂ လက်နက်ကြီး ခုနှစ်လုံးအား အဃ--- ကျေးရွာတွင်းသို့ပစ်ခတ်ခဲ့သဖြင့် နေအိမ်များနှင့်ရော်ဘာခြံများထပ်မံပျက်စီးသွားခဲ့ပါသည်။ ဤကဲ့သို့လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် အဃ--- ကျေးရွာရှိ ရွာသားများအားလုံး ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ရွာသားများသည် လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှု၏ရန်မှ ကြောက်ရွံ့နေခဲ့ကြရပါသည်။ ၎င်းတို့အနေဖြင့် မြန်မာစစ်တပ်၏ထပ်မံစစ်ရေးလှုပ်ရှားမှု ပြုလုပ်မည်ကိုလည်း ကြောက်ရွံ့နေကြရပါသည်။ *(ဓာတ်ပုံ - KHRG)*

## တောအူး (တောင်ငူ) ခရိုင်



ဤဓာတ်ပုံကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် တောအူး (တောင်ငူ) ခရိုင်၊ ဒေါ်ဖားခို (သံတောင်ကြီး) မြို့နယ်၊ ပရှောလိုကျေးရွာအုပ်စု၊ ဃဈ--- ကျေးရွာရှိ ဒေသခံရွာသားတစ်ဦးထံမှ လက်ခံရရှိခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့ မနက် ၁၀း၃၀ မိနစ်တွင် ပရှောလိုကျေးရွာအုပ်စုရှိ ထုံးဘိုကြီးလမ်းမတွင် အခြေစိုက်သော မြန်မာစစ်တပ်ခြေလျင်တပ်ရင်း (ခလ ရ) အမှတ် (၂၆) မှ ဃဈ--- ကျေးရွာထဲသို့ ၆၀ မမ လက်နက်ကြီးနှစ်လုံးကိုပစ်ခတ်ခဲ့ဖြင့် ရွာသားတစ်ဦးသေဆုံးသွားခဲ့ပါသည်။ ဤဓာတ်ပုံတွင် ကလေးသုံးဦးရှိသော အသက် ၃၈ နှစ်ရှိ မိခင်ဖြစ်သူ နော်ဖအ--- ၏နေအိမ်အနီးသို့ လက်နက်ကြီးနှစ်လုံး ကျရောက်ပေါက်ကွဲပြီးနောက် ထိမှန်ကာ ချက်ချင်းသေဆုံးသွားသော သူမ၏ပုံကို ဖော်ပြထားပါသည်။ လက်နက်ကြီးပေါက်ကွဲသည့် အချိန်တွင် သူမသည် ဗုံးခိုကျင်းထဲသို့ပြေးဝင်ခဲ့သော်လည်း လည်ချောင်းတွင် လက်နက်ကြီးအစထိမှန်ကာ ချက်ချင်းသေဆုံးသွားခဲ့ပါသည်။[4] *(ဓာတ်ပုံ - ဒေသခံရွာသား)*




ဤဓာတ်ပုံကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် တောအူးခရိုင်၊ ထောတထူ (ထန်းတပင်) မြို့နယ်၊ ဇရပ်ကြီးတောင်ခြမ်းကျေးရွာအုပ်စု၊ အဂ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ ညနေ ၂း၃၀ မိနစ်တွင် ဇရပ်ကြီးစစ်တပ်စခန်းအခြေစိုက် မြန်မာစစ်တပ်၏ ခလရ အမှတ် (၇၃) မှ အဂ--- ကျေးရွာထဲသို့ ၁၂၀ မမ လက်နက်ကြီးနှစ်လုံးကို ပစ်ခတ်ခဲ့ပါသည်။ ဤပုံတွင် လက်နက်ကြီးပစ်ခတ်မှုကြောင့် ပျက်စီးသွားသော နေအိမ်တစ်လုံး၏ပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ - KHRG)*

[4] KHRG မှ ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ဒေါ်ဖားခိုမြို့နယ်တွင် မြန်မာ စစ်တပ်မှ လက်နက်ကြီးပစ်ခတ်၍ ရွာသားတစ်ဦးသေဆုံးပြီး ကိုယ်ဝန်သည်အမျိုး သမီးတစ်ဦးလည်းဒဏ်ရာရရှိခြင်းနှင့်အိုးအိမ်ပစ္စည်းများပျက်စီးခြင်း (၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ)" တွင် ကြည့်ပါ။




ဤဓာတ်ပုံကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် တောအူးခရိုင်၊ ထေ၀တထူမြို့နယ်၊ ဇရပ်ကြီးတောင်ခြမ်းအုပ်စု၊ အဟ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ယခင် ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ဇရပ်ကြီးစစ်တပ်စခန်းအခြေစိုက် မြန်မာစစ်တပ်၏ ခလရ အမှတ် (၇၃) မှ အဟ--- ကျေးရွာသို့ ဟောင်ဝစ်ဇာလက်နက်ကြီးနှစ်လုံးကို ပစ်ခတ်ခဲ့ပါသည်။ ပထမပစ်ခတ်လိုက်သောလက်နက်ကြီးသည် အဟ--- ကျေးရွာနှင့်အလှမ်းဝေးသည် တောတစ်ခုထဲတွင် ကျရောက်သွားခဲ့ပါသည်။ ဒုတိယလက်နက်ကြီးတစ်လုံးသည် အဟ--- ကျေးရွာဘေးဘက်ရှိ ထွက်ပြေးတိမ်းရှောင်သည့်နေရာအနီးသို့ ကျရောက်သွားခဲ့ပြီး မပေါက်ကွဲသေးပဲ ကျန်ရှိနေခဲ့ပါသည်။ ဓာတ်ပုံထဲတွင် မိုးရာသီကြောင့် မြေပျော့သဖြင့် မပေါက်ကွဲသေးသော ဟောင်ဝစ်ဇာလက်နက်ကြီးသည် မြေကြီးထဲသို့ သုံးပေကျော်ထိုးဝင်သွားသည့် တွင်းပုံကို ဖော်ပြထားပါသည်။ ၂၀၂၆ ခုနှစ်တွင် နွေရာသီစတင်ကာ အပူချိန်မြင့်တက်လာသဖြင့် မြေကြီးမာကျောလာကာ အဆိုပါလက်နက်ကြီးပေါက်ကွဲသွားနိုင်ကြောင်း ရွာသားများမှ စိုးရိမ်နေကြပါသည်။ ဒေသခံအာဏာပိုင်များသည် ၂၀၂၆ ခုနှစ်၊ မတ်လတွင် အဆိုပါလက်နက်ကြီးအားရွှေ့ရန်အတွက် ကြိုးစားနေကြဆဲဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*



ဤဓာတ်ပုံကို ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် တောအူးခရိုင်၊ ထေ၀တထူမြို့နယ်၊ ဒေးလိုကျေးရွာအုပ်စု၊ အဇ--- ကျေးရွာရှိ ရွာသားတစ်ဦးထံမှ လက်ခံရရှိခဲ့ပါသည်။ ဤဓာတ်ပုံသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဆယ့်သုံးမိုင် (၁၃ မိုင်) မှ မြန်မာစစ်သားများသည် ရွာသားများ၏နေအိမ်သုံးလုံးအား မီးရှို့ပြီးသည့်နောက် မီးလောင်ကျွမ်းနေသော ပုံကိုဖော်ပြထားပါသည်။ PDF တပ်ဖွဲ့မှ စစ်ကားနှင့်ရွာသားများ၏ကားဖြင့် ခုနှစ်မိုင် (၇ မိုင်) သို့ မြန်မာစစ်တပ်စစ်သားများ စစ်ချီတက်နေစဉ် အဇ--- ကျေးရွာအနီးရှိ စာသင်ကျောင်းတစ်ကျောင်းအနီးတွင် ၎င်းတို့တိုက်ခိုက်ခံရပြီးသည့်နောက် ရွာသားများ၏နေအိမ်များကို မီးရှို့ခဲ့ကြပါသည်။ အဆိုပါစစ်သားများသည် ဦးဂ---၏အုတ်ဖြင့်ဆောက်လုပ်ထားသော နေအိမ်ကိုမီးရှို့ရာ လောင်ကျွမ်းခြင်းမရှိသဖြင့် ၎င်း၏ပစ္စည်းများကို အိမ်ပြင်သို့ထုတ်ကာ မီးရှို့ခဲ့ပါသည်။ ထို့နောက် ညနေ ၇ နာရီဝန်းကျင်ခန့်တွင် မြန်မာစစ်တပ်မှ အဇ--- ကျေးရွာသို့ လက်နက်ကြီးခုနှစ်လုံး ပစ်ခတ်ခဲ့ပါသည်။ လက်နက်ကြီးများသည် ရွာပြင်သို့ကျရောက် ပေါက်ကွဲသွားခဲ့သဖြင့် ဒဏ်ရာရရှိခြင်းမရှိခဲ့ပါ။ သို့သော်လည်း၊ ရွာသားများသည် ကြောက်ရွံ့မှုအောက်တွင် ရှိနေကြရပါသည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*







ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ဒေးလိုဒေသ၊ အသ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့ ညနေ ၄း၃၄ မိနစ်တွင် ဆယ့်သုံးမိုင် (၁၃ မိုင်) စစ်တပ်စခန်းအခြေစိုက် မြန်မာစစ်တပ်မှ အသ--- ကျေးရွာထဲသို့ လက်နက်ကြီးသုံးလုံး ပစ်ခတ်ခဲ့ပါသည်။ ပထမလက်နက်ကြီး ကျရောက်ပေါက်ကွဲသွားသည့်အချိန်တွင် ရွာသားသုံးဦးဖြစ်ကြသော နော်ဟ--- (အသက် ၃၅ နှစ်)၊ စောဇ--- (အသက် ၃ နှစ်) နှင့် စောသ--- (အသက် ၇ နှစ်) တို့ဒဏ်ရာရရှိသွားခဲ့ပါသည်။ ဘယ်ဘက်ရှိဓာတ်ပုံတွင် ညာဘက်လက်မောင်း၌ ဒဏ်ရာရရှိသွားသည့် စောဇ--- ၏ပုံကို ဖော်ပြထားပါသည်။ ညာဘက်ဓာတ်ပုံတွင် ဘယ်ဘက်ကျောပြင်၌ ဒဏ်ရာရရှိသွားသည့် နော်ဟ--- ၏ပုံကို ဖော်ပြထားပါသည်။ စောသ--- သည် ၎င်း၏လည်ပင်း၌ ဒဏ်ရာရရှိသွားခဲ့ပါသည်။ အဆိုပါလက်နက်ကြီးပေါက်ကွဲမှုကြောင့် ခွေးတစ်ကောင်သေဆုံးသွားခဲ့ပါသည်။ ပစ်ခတ်လိုက်သော ဒုတိယလက်နက်ကြီးတစ်လုံးသည် စိုက်ခင်းခြံထဲသို့ကျရောက်ပေါက်ကွဲသွားသဖြင့် မည်သည့်ဒဏ်ရာရရှိခြင်းမှမရှိခဲ့ပါ။ *(ဓာတ်ပုံ - KHRG)*




ဤဓာတ်ပုံကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ပယ်ထီကျေးရွာအုပ်စု၊ အက--- ကျေးရွာရှိ ကရင်ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဌာန (KDHW) ဆေးရုံ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့တွင် မြန်မာစစ်တပ်မှ တိုးဂိတ်တစ်ခုသို့ ဒရုန်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပါသည်။ ဓာတ်ပုံထဲတွင် ထောတထူခရိုင်၊ ဇရပ်ကြီးတောင်ခြမ်းကျေးရွာအုပ်စု၊ အလ--- ကျေးရွာမှ ဦးက--- သည် တိုးဂိတ်တွင်အလုပ်လုပ်နေစဥ် ဒဏ်ရာရရှိသွားသောပုံကို ဖော်ပြထားပါသည်။ ဦးက--- သည် ဝမ်းဗိုက်နှင့် ညာဘက်ပခုံးတို့တွင် ပြင်းထန်စွာဒဏ်ရာရရှိသွားခဲ့ပါသည်။ ၎င်းအား မြန်မာအာဏာသိမ်းစစ်တပ်၏ စီမံအုပ်ချုပ်သောဆေးရုံသို့ ပထမဦးစွာပို့ဆောင်ပေးခဲ့ပြီး ထိုဆေးရုံတွင် လုံလောက်သည့်ပစ္စည်းကိရိယာများ သို့မဟုတ် ဆေးဝါးများမရှိသဖြင့် နောက်ပိုင်း အက--- ကျေးရွာရှိ KDHW စီမံအုပ်ချုပ်သော အမ--- ဆေးရုံတွင် ဆေးကုသမှုခံယူခဲ့ပါသည်။ အခြားတိုးဂိတ်လုပ်သားတစ်ဦးဖြစ်သော ဦးလ--- သည် ဒရုန်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာအနည်းငယ်ရရှိခဲ့သော်လည်း ဆေးခန်း၌ ဆေးကုသမှုခံယူရန်မလိုအပ်ခဲ့ပါ။[5] *(ဓာတ်ပုံ - KHRG)*

[5] KHRG မှ ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် ထုတ်ဝေသော "တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - မြန်မာစစ်တပ်၏ဒရုန်းတိုက်ခိုက်မှု ကြောင့် ထောတထူမြို့နယ်မှရွာသားနှစ်ဦးဒဏ်ရာရရှိ (၂၀၂၆ ခုနှစ်၊မတ်လ)" တွင် ကြည့်ပါ။




ဤဓာတ်ပုံကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် တောအူးခရိုင်၊ ဒေါ်ဖားခိုမြို့နယ်၊ အန--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ ညနေ ၁၂း၃၀ မိနစ်တွင် မြန်မာစစ်တပ်၏တိုက်လေယာဉ်တစ်စီးမှ အန--- ကျေးရွာသို့ ပေါင် ၂၅၀ ဗုံးနှစ်လုံးကြဲချခဲ့သဖြင့် ကလေးတစ်ဦး ဒဏ်ရာရရှိသွားခဲ့ပါသည်။ အဆိုပါဗုံးနှစ်လုံးထဲမှ တစ်လုံးသည် အန--- ကျေးရွာရှိ စနေသင်း (SDA) ဘုရားရှိခိုးကျောင်းနောက်ဘက်သို့ ကျရောက်ပေါက်ကွဲသွားခဲ့ပြီး အခြားသောဗုံးတစ်လုံးသည် သစ်ပင်တစ်ပင်ကို ထိမှန်ခဲ့ပါသည်။ ဓာတ်ပုံထဲတွင် မမ--- (၁၆ နှစ်) သည် မြစ်တစ်ခုအနီး ဟင်းရွက်များလိုက်လံခူးရာနှင့် ငါးမျှားချိန်အတွင်း လက်နက်ကြီးအပိုင်း အစထိမှန်ကာ ဘယ်ဘက်ပုခုံးတွင် ဒဏ်ရာရရှိသွားခဲ့သော ပုံကိုဖော်ပြထားပါသည်။ PDF စစ်သားများသည် ဒဏ်ရာရရှိသွားခဲ့သော မမ--- ကို ဆေးကုသမှုခံယူရန် ၎င်းတို့ဆေးကုသမှုပေးသောဆေးခန်းသို့ ဆိုက်ကယ်ဖြင့် ခေါ်ဆောင်လာခဲ့ကြပါသည်။[6] *(ဓာတ် ပုံ - KHRG)*

[6] KHRG မှ ၂၀၂၆ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေါ်ဖားခိုမြို့နယ်ရှိ အသက် (၁၆) နှစ်အရွယ် မိန်းကလေးငယ် တစ်ဦးထိမှန်ဒဏ်ရာရရှိပြီး လူနေအိမ် (၆) လုံးလည်းထိခိုက်ပျက်စီး (၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလနှင့်မတ်လ)" တွင် ကြည့်ပါ။

## ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်



ဤဓာတ်ပုံကို KHRG မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ခလယ်လွီထူ (ညောင်လေးပင်) ခရိုင်၊ ဆောထိ (ရွှေကျင်) မြို့နယ်၊ ဝိုင်းပျင်ရေးဒိုင်ကျေးရွာအုပ်စု၊ အဝ--- ကျေးရွာရှိ ရွာသားတစ်ဦးထံ၌ လက်ခံရရှိခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ ညနေ ၄း၃၀ မိနစ်ဝန်းကျင်တွင် မြန်မာစစ်တပ်မှ အဝ--- ကျေးရွာထဲသို့ ဒရုန်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် ကလေးနှစ်ဦး၏မိခင်ဖြစ်သူ ဒေါ်န--- (အသက် ၄၃ နှစ်) သေဆုံးသွားခဲ့ပါသည်။ ဒေါ်န--- သည် ဗုံးပေါက်ကွဲမှုကြောင့် လက်နက်ကြီးအပိုင်းအစထိမှန် သေဆုံးသွားချိန်တွင် အခြားသောရွာသားတစ်ဦးဖြစ်သည့် ဦးဝ--- ၏အိမ်အပြင်ဘက်တွင် ထိုင်နေခဲ့ပါသည်။ ဓာတ်ပုံထဲတွင် ဒေါ်န--- ၏သေဆုံးသွားသည့် ခန္ဓာကိုယ်ပုံကို ဖော်ပြထားပါသည်။ အဆိုပါဒရုန်းတိုက်ခိုက်မှုကြောင့် ဦးဝ--- (အသက် ၆၂ နှစ်) ၏ဘယ်ဘက်ခါးနှင့် ဘယ်ဘက်ခြေထောက်ဒဏ်ရာရရှိသွားခဲ့ပါသည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*







ဤဓာတ်များပုံကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် ခလယ်လွီထူခရိုင်၊ မူး (မုန်း) မြို့နယ်၊ မူးအထူးဒေသ၊ ကင်မွန်းချွန်ကျေးရွာအုပ်စု၊ အပ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ အထက်တွင်ဖော်ပြထားသော ဓာတ်ပုံများသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် မြန်မာစစ်တပ်မှ လက်နက်ကြီးနှင့် ဒရုန်းတိုက်ခိုက်မှုများ အကြိမ်ပေါင်းများစွာပြုလုပ်ခဲ့သဖြင့် အပ--- ရွာသားများ၏ ပိုင်ဆိုင်မှုများပျက်စီးသွားသော ပုံများဖြစ်ပါသည်။ အဆိုပါ မြန်မာစစ်တပ်၏တိုက်ခိုက်မှုများကြောင့် ရွာသားများ၏နေအိမ် အနည်းဆုံး ၁၇ လုံးနှင့် ဘုန်းကြီးကျောင်းတစ်လုံး ပျက်စီးသွားခဲ့ပါသည်။ *(ဓာတ်ပုံ - KHRG)*





ဤဓာတ်များပုံကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် ခလယ်လွှီထူခရိုင်၊ မူးမြို့နယ်၊ မူးအထူးဒေသရှိ နေရပ်ရွှေ့ပြောင်းတိမ်းရှောင်သည့်နေရာတစ်ခု၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ မနက် ၁၁း၃၀ မိနစ်တွင် ရွှေဝစစ်တပ်စခန်းတွင်အခြေစိုက်သည့် ခမရ အမှတ် (၃၀၇) မှ မြန်မာစစ်သားများသည် မူးအထူးဒေသ၊ ဇလုပ်ကျေးရွာအုပ်စု၊ အခ--- ကျေးရွာသို့ လက်နက်ကြီးရမ်းသမ်းပစ်ခတ်ခဲ့ပါသည်။ လက်နက်ကြီးသည် ဘုန်းကြီးကျောင်းအဆောက်အအုံ၏ နံရံများကို ထိမှန်သွားခဲ့ပါသည်။ ဦးပ--- (အသက် ၆၀ နှစ်) သည် ပေါက်ကွဲသွားသည့် လက်နက်ကြီးအပိုင်းအစများဖြင့် ထိမှန်ကာသေဆုံးသွားခဲ့ပါသည်။ ရက်အနည်းငယ်ကြာပြီးနောက် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၈ ရက်နေ့ ညနေ ၁၀း၂၀ မိနစ်တွင် မြန်မာစစ်တပ်၏တိုက်လေယာဥ်တစ်စီးမှ မူးအထူးဒေသ၊ လေးဒို့ကျေးရွာအုပ်စု၊ အရ--- ကျေးရွာထဲသို့ ဗုံးနှစ်လုံးကြဲချခဲ့သဖြင့် ရွာသားတစ်ဦး၏နေအိမ်ကိုထိမှန်သွားခဲ့ပြီး မိသားစုဝင်လေးဦးသေဆုံးသွားခဲ့ပါသည်။ ၎င်းတို့သည် ဒေါ်ခ--- (အသက် ၇၆ နှစ်)၊ ဒေါ်ရ--- (အသက် ၇၉ နှစ်)၊ ဒေါ်စ--- (အသက် ၄၈ နှစ်) နှင့် မောင်တ--- (အသက် ၁၂ နှစ်) တို့ဖြစ်ကြပြီး နေရာတွင်ပင် ချက်ချင်းသေဆုံးသွားခဲ့ကြပါသည်။ မောင်တ--- သည် ၎င်း၏ဦးခေါင်းတွင် ပြင်းထန်သည့်ဒဏ်ရာရရှိခဲ့ပြီး ကြောင်ပျံကျေးရွာအုပ်စုရှိ အစ--- ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သော်လည်း ဒဏ်ရာအလွန်ပြင်းထန်သဖြင့် သေဆုံးသွားခဲ့ပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် ဒေါ်ခ--- နှင့် ဒေါ်ရ--- ၏နေအိမ်များပျက်စီးသွားခဲ့ပြီး ဦးယဆ--- ၏ အိမ်မွေးတိရိစ္ဆာန်သေဆုံးသွားခဲ့ပါသည်။ ကြဲချလိုက်သောဗုံးများထဲမှ တစ်လုံးသည် မပေါက်ကွဲသေးပဲကျန်ရှိနေပါသည်။ ဤကဲ့သို့လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုနှင့် လေကြောင်းတိုက်ခိုက်မှုဖြစ်စဥ်များကြောင့် ကျေးရွာ ၂၅ ရွာမှာ ခန့်မှန်းခြေအားဖြင့် ရွာသား ၁၇,၉၀၉ ဦးသည် ၎င်းတို့၏နေအိမ်များမှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ အထက်တွင်ဖော်ပြထားသည့်ဓာတ်ပုံများသည် မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုပြီးသည့်နောက် လေးဒို့ကျေးရွာအုပ်စု၊ အရ--- ကျေးရွာနှင့် ဇလုပ်ကျေးရွာအုပ်စု၊ အခ--- ကျေးရွာမှ စစ်ဘေးရှောင်ရွာသားများနေထိုင်နေရသောနေရာထိုင်ခင်းပုံများ ဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*




ဤဓာတ်များပုံကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ခလယ်လွှီထူခရိုင်၊ ဆောထီးမြို့နယ်၊ တောင်ခင်ကျေးရွာအုပ်စု၊ အတ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့ ညနေ ၈း၂၀ မိနစ်တွင် ပိန်းဇလုပ်မြို့အခြေစိုက် မြန်မာစစ်တပ်မခရ အမှတ် (၂၅၄) မှ အတ--- ကျေးရွာထဲသို့ လက်နက်ကြီးငါးလုံးပစ်ခတ်ခဲ့ပါသည်။ ဤဓာတ်ပုံများထဲတွင် လက်နက်ကြီးပစ်ခတ်မှုကြောင့် တစ်ချို့တဝက်ပျက်စီးသွားသော အတ--- စာသင်ကျောင်း၏ ပုံများကိုဖော်ပြထားပါသည်။ *(ဓာတ်ပုံ - KHRG)*




ဤဓာတ်ပုံကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် ခလယ်လွီထူခရိုင်၊ ဝေါကေ့ကျေးရွာအုပ်စု၊ ဟဇ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် မြန်မာစစ်တပ် ခလမ အမှတ် (၂၂) နှင့် ၎င်း၏ပူးပေါင်းတပ်ဖွဲ့များသည် ဒေသတွင်း စစ်ရေးလှုပ်ရှားမှုပြီးသည့်နောက် ဟဇ--- ကျေးရွာရှိ ရွာသားများ၏နေအိမ်များကို မီးရှို့ခဲ့ကြပါသည်။ ဤဓာတ်ပုံတွင် မီးလောင်ကျွမ်းပြီးနောက် ပျက်စီးသွားသော ရွာသားတစ်ဦး၏နေအိမ်ကို ဖော်ပြထားပါသည်။
*(ဓာတ်ပုံ - KHRG)*







ဤဓာတ်များပုံကို မြန်မာစစ်တပ်၏ဒေသတွင်းစစ်ရေးလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်လာပြီးနောက် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ခလယ်လွီထူခရိုင်၊ ဆောထီးမြို့နယ်၊ ကလောသူးခီးကျေးရွာအုပ်စု၊ အဖ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဘက်ဘက်ဓာတ်ပုံတွင် မြန်မာစစ်တပ် ခလရ အမှတ် (၂၂) စစ်သားများနှင့် ၎င်း၏ပူးပေါင်းတပ်ဖွဲ့များသည် ဝေါကေ့ကျေးရွာအုပ်စု၊ အထ--- နေရာတွင် စစ်ရေးလှုပ်ရှားမှုပြုလုပ်နေသောပုံကို ဖော်ပြထားပါသည်။ ညာဘက်ဓာတ်ပုံတွင် စစ်ရေးလှုပ်ရှားမှုပြီးနောက် ဟဇ--- ရွာသားများ တောထဲသို့ထွက်ပြေးတိမ်းရှောင်နေသည့်ပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ - KHRG)*




ဤဓာတ်ပုံကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် ခလယ်လွိထူခရိုင်၊ မူးမြို့နယ်၊ ကြောင်ပျံကျေးရွာအုပ်စု၊ အည--- ကျေးရွာရှိ အည--- ဆေးခန်း၌ ရိုက်ယူခဲ့ပါသည်။ ဤဓာတ်ပုံတွင် မြန်မာစစ်တပ်၏ မြေမြှုပ်မိုင်းကြောင့် ဘယ်ဘက်ခြေထောက်အောက်ပိုင်း ဖြတ်တောက်ခဲ့ရပြီးသည့်နောက် အည--- ဆေးခန်းတွင် ပြန်လည်သက်သာနေပြီးဖြစ်သော မူးမြို့နယ်၊ လေးဒို့ကျေးရွာအုပ်စု၊ အယ--- ကျေးရွာမှ မောင်ဖ--- ၏ ပုံကိုဖော်ပြထားပါသည်။ မောင်ဖ--- သည် မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ်၊ မတ်လ ၄ ရက်နေ့တွင် အယ--- ရွာသို့ပြန်၍ ရိက္ခာများပြန်ယူရာလမ်း၌ မြေမြှုပ်မိုင်းနင်းမိခဲ့ပါသည်။ မြေမြှုပ်မိုင်းပေါက်ကွဲမှု မဖြစ်ပွားမီ မြန်မာစစ်သားများသည် အယ--- ကျေးရွာထဲတွင် ရှိနေခဲ့သဖြင့် အဆိုပါမြေမြှုပ်မိုင်းကို မြန်မာစစ်သားများမှ ထောင်ထားခဲ့ကြကြောင်း ယူဆကြပါသည်။ *(ဓာတ်ပုံ - KHRG)*







ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် ခလယ်လွိထူခရိုင်၊ လယ်ဒို (ကျောက်ကြီး) မြို့နယ်၊ ခဲကာခို့ကျေးရွာအုပ်စုရှိ KDHW စီမံအုပ်ချုပ်သော ဘဆ--- ဆေးခန်း၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ခမရ အမှတ် (၂၆၄)၊ ခမရ အမှတ် (၃၄၉)၊ ခလရ အမှတ် (၂၀) မှ မြန်မာစစ်သားများနှင့် ခမရ အမှတ် (၂၆၄) အထူးတပ်ဖွဲ့တို့သည် လယ်ဒိုမြို့နယ်၊ ထီးပူးလူကျေးရွာအုပ်စု၊ ဘအ--- ကျေးရွာနှင့်ဘဘ--- ကျေးရွာသို့ဝင်ရောက်လာခဲ့ကြပါသည်။ ၎င်းတို့ကျေးရွာထဲသို့ ဝင်ရောက်လာသည့်အချိန်တွင် မြန်မာစစ်တပ်မှ လက်နက်ကြီးများပစ်ခတ်ခြင်းနှင့်လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့သဖြင့် ရွာသားအနည်းဆုံး ၂၆ ဦးသေဆုံးသွားခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့ပါသည်။ မြန်မာစစ်သားများမှ ရွာသားငါးဦးအားပစ်သတ်ခဲ့ပြီး ရွာသားများအား ရာနှင့်ချီဖမ်းဆီးခဲ့သည့်အပြင် ရွာသားများ၏ပိုင်ဆိုင်မှုများကိုပါ လုယက်ဖျက်ဆီးခဲ့ကြပါသည်။ မြန်မာတပ်ဖွဲ့မှ မြေမြှုပ်မိုင်းများကိုလည်း ထောင်ထားခဲ့ကြပါသည်။ ဤသို့သောဖြစ်ရပ်များကြောင့် ဘဘ---ကျေးရွာမှ ရွာသားများသည် အခြားမြို့များနှင့် ကျေးရွာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ဤဓာတ်ပုံတွင် လယ်ဒိုမြို့နယ်၊ ခဲကာခို့ကျေးရွာအုပ်စုရှိ KDHW စီမံအုပ်ချုပ်သော ဘဆ--- ဆေးခန်း၌ လက်နက်ကြီးအပိုင်းအစဖြင့် ထိမှန်ဒဏ်ရာရသွားခဲ့သော ဘဘ--- ရွာသားများ၏ ဆေးရုံတက်နေသောပုံများကို ဖော်ပြထားပါသည်။[7] *(ဓာတ်ပုံ - KHRG)*

[7] KHRG မှ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော "ခလယ်လွိထူခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - လယ်ဒိုမြို့နယ်တွင် မြန်မာ စစ်တပ်မှ မြေပြင်စစ်ဆင်ရေး၊ လေကြောင်းတိုက်ခိုက်မှုနှင့် လက်နက်ကြီးပစ်ခတ် မှုတို့ကိုလုပ်ဆောင်၍ ကလေး(၁၅)ဦးအပါအဝင် အနည်းဆုံး ရွာသား (၃၁) ဦးထိ မှန်သေဆုံးခြင်း၊ အခြားရွာသားများ ဒဏ်ရာရရှိခြင်း၊ ရပ်ရွာအိုးအိမ်များ ထိခိုက် ပျက်စီးခြင်းနှင့်နေရပ်စွန့်ခွာရခြင်းများဖြစ်ပွား (၂၀၂၆ ခုနှစ်၊ မတ်လ)" တွင် ကြည့်ပါ။







ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ဒေသတွင်းလှုပ်ရှားနေသော အရေးပေါ်ကူညီကယ်ဆယ်ရေး အဖွဲ့အစည်းတစ်ဖွဲ့ထံမှ လက်ခံရရှိခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် ပိန်းဇလုပ်မြို့အဖြေစိုက် ခမရ အမှတ် (၂၆၄) မှ မြန်မာစစ်သားများသည် ခလယ်လွှီထူခရိုင်၊ လယ်ဒိုမြို့နယ်၊ ကျုံးကြီးကျေးရွာအုပ်စု၊ ဘဒ--- ကျေးရွာထဲသို့ ၁၂၀ မမ ပစ်ခတ်ခဲ့သဖြင့် ကျရောက်ပေါက်ကွဲသွားခဲ့ပါသည်။ ဤလက်နက်ကြီးပစ်ခတ်မှုကြောင့် ဒေါ်ထ--- (အသက် ၄၈ နှစ်) ဒဏ်ရာရရှိခဲ့ပါသည်။ ထိုအပြင် အဆိုပါလက်နက်ကြီးပစ်ခတ်မှုကြောင့် ရွာသားများ၏နေအိမ်များ ပျက်စီးသွားခဲ့ပါသည်။ မြန်မာစစ်တပ်၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် ဘဒ--- ကျေးရွာမှ ရွာသားများသည် အခြားဘေးကင်းလုံခြုံသည့် နေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ အချို့ရွာသားများသည် တောထဲသို့ထွက်ပြေးသွားခဲ့ပြီး အချို့ရွာသားများသည် ၎င်းတို့၏လယ်ယာများနှင့် အချို့တို့သည် အခြားသောကျေးရွာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လတွင် မြန်မာစစ်တပ်မှ ၎င်းတို့၏ကျေးရွာသို့ဝင်ရောက်ကာ ပိုင်ဆိုင်မှုများကိုလုယက်ခဲ့သဖြင့် အဆိုပါရွာသားများသည် ပို၍ကြောက်ရွံ့လာကြပြီး ၎င်းတို့ကျေးရွာသို့ မပြန်နေရဲကြတော့ပါ။ *(ဓာတ်ပုံ - ဒေသခံရွာသား)*

## ဘိတ်-ထားဝယ်ခရိုင်










ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဘိတ်-ထားဝယ်ခရိုင်၊ ကစယ်ဒိုမြို့နယ်၊ ပေါ်ခလိုးဒေသ၊ ဘဃ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ မြန်မာစစ်တပ်မှ ဘဃ--- ဒေသတွင်းသို့ တိုးချဲ့ဝင်ရောက်လာပြီး ၎င်းတို့နှင့် KNLA တို့ကြား တိုက်ပွဲဖြစ်ပွားပြီးသည့်နောက် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် မြန်မာစစ်တပ်မှ အဃ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။ ဤဓာတ်ပုံများတွင် လေကြောင်းတိုက်ခိုက်မှုနှင့် အော်လီဂန်လက်နက်ကြီးများ ပစ်ခတ်မှုကြောင့် ပျက်စီးသွားသည့်နေအိမ်များ၊ ဘုန်းကြီးကျောင်းတစ်လုံးနှင့် အလုပ်လုပ်ကိုင်သည့်နေရာများပုံတို့ကို ဖော်ပြထားပါသည်။ အဆိုပါတိုက်ခိုက်မှုကြောင့် ဘုန်းကြီးတစ်ပါးလည်း ဒဏ်ရာရရှိသွားခဲ့ပါသည်။ *(ဓာတ်ပုံများ - KHRG)*




ဤဓာတ်ပုံကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် ဘိတ်-ထားဝယ်ခရိုင်၊ တနော သရီ (တနင်္သာရီ) မြို့နယ်၊ သက--- မြို့၌ ရိုက်ယူခဲ့ပါသည်။ ဤဓာတ်ပုံ တွင် မြန်မာစစ်တပ်၏ တပ်ရင်း ၁၁ ခုရှိ ပူးပေါင်းတပ်ဖွဲ့များမှ ခန့်မှန်း ခြေအားဖြင့် ၁,၀၀၀ ဦးရှိသော စစ်သားများသည် သက--- မြို့၌ စစ်ရေး လှုပ်ရှားမှုပြုလုပ်ခဲ့ဖြင့် ၂၀၂၆ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် သက--- မြို့ရှိရွာသားများမှ နယ်စပ်ဒေသသို့ ထွက်ပြေးတိမ်းရှောင်နေရကြရ သော ပုံကိုဖော်ပြထားပါသည်။ မြန်မာစစ်တပ်စစ်သားများသည် မြို့ထဲ သို့ချီတက်လာသည့်အချိန်တွင် သက--- မြို့တွင်းသို့ လက်နက်ကြီးများ ပစ်ခတ်ခြင်း၊ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခြင်းနှင့် ဒရုန်းတိုက်ခိုက် မှုပြုလုပ်ခဲ့ကြပါသည်။ ထို့အပြင် KNLA နှင့် မြန်မာစစ်တပ်ပူးပေါင်း တပ်ရင်း ၁၁ ခုတို့ကြား တိုက်ပွဲနေ့စဉ်ဖြစ်ပွားခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် ထိုင်းနယ်စပ်အနီးတောထဲ၌ ရွာသားများထွက် ပြေးတိမ်းရှောင်နေကြရဆဲ ဖြစ်ပါသည်။ မိုးရာသီအချိန်ဖြစ်သော ကြောင့် ရွာသားများသည် လုံလောက်သည့် နေရာထိုင်ခင်းမရှိခြင်းအ ပြင် အစားအစာ၊ အဝတ်အစားနှင့် ဆေးဝါးများပြတ်လပ်ခြင်းတို့ ကြောင့် အခက်အခဲများဖြင့် ကြုံတွေ့နေကြရပါသည်။ *(ဓာတ်ပုံ - KHRG)*



ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် မြို့နယ်ခေါင်းဆောင်တစ်ဦးထံမှ လက်ခံရရှိခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် မြန်မာစစ်တပ်၏တိုက်လေယာဉ်တစ်စီးမှ ဘိတ်-ထားဝယ်ခရိုင်၊ တနောသရီမြို့နယ်၊ မိုးတောင်ဒေသ၊ ဘဂ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက် မှုပြုလုပ်ခဲ့သဖြင့် ရွာသားနှစ်ဦးသေဆုံးသွားခဲ့ပါသည်။ ဤဓာတ်ပုံများတွင် ရွာသားများ၏နေအိမ်များနှင့်ပိုင်ဆိုင်မှုများ ပျက်စီးသွားခဲ့ပြီး အောက် ညာဘက်ပုံတွင် သေဆုံးသွားသောရွာသားထဲမှ တစ်ဦး၏ခန္ဓာကိုယ်ပုံကို ဖော်ပြထားပါသည်။ KNLA ပူးပေါင်းတပ်ဖွဲ့များမှ လေကြောင်းတိုက်ခိုက် မှုအတွင်း သေဆုံးသွားသည့်ရွာသားနှစ်ဦးကို မြေမြှုပ်ပေးခဲ့ကြပါသည်။ ဒေသတွင်း မြန်မာစစ်တပ်၏စစ်ရေးလှုပ်ရှားမှုများနှင့် လေကြောင်းတိုက် ခိုက်မှုများကြောင့် အချို့သောရွာသားများသည် ထိုင်း-မြန်မာနယ်စပ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး အချို့သောရွာသားများသည် တောထဲသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ စစ်ဘေးရှောင်ရွာသားများသည် နေရာထိုင်ခင်း၊ အစားအစာနှင့် ဆေးဝါးများရရှိရန်အတွက် အခက်အခဲများ ဖြင့်ကြုံတွေ့နေကြရပါသည်။ *(ဓာတ်ပုံများ - ဒေသခံခေါင်းဆောင်)*

## မူတြော် (ဖာပွန်) ခရိုင်




ဤဓာတ်ပုံကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် မူတြော် (ဖာပွန်) ခရိုင်၊ ဘူးသိုမြို့နယ်၊ မယ်ကလောကျေးရွာအုပ်စု၊ ဘဟ--- ပြည်တွင်းနေရပ်ရွှေ့ပြောင်းနေထိုင်ရသူများ (IDP) နေရာ၌ ရိုက်ယူခဲ့ပါသည်။ မြန်မာစစ်တပ်မှ ဘဃ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးပစ်ခတ်မှုများ လတ်တလောပြုလုပ်ခဲ့သဖြင့် မယ်ကလောကျေးရွာအုပ်စု၊ ဘဃ--- ကျေးရွာရှိ ရွာသားများ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ညဘက်တွင် မြန်မာစစ်တပ်မှ ဘဟ--- IDP နေရာသို့ ဒရုန်းဖြင့် ဗုံးနှစ်လုံးကြဲချခဲ့ပါသည်။ ဤဗုံးကြဲတိုက်ခိုက်မှုကြောင့် စောည--- ၏ဘယ်ဘက်ခြေထောက် ဒဏ်ရာရရှိသွားခဲ့ပါသည်။ ၎င်းအား မယ်ကလောကျေးရွာအုပ်စုရှိ KDHW စီမံအုပ်ချုပ်သော ဘသ--- ဆေးခန်းသို့ ပို့ဆောင်ပေးခဲ့ပါသည်။ အဆိုပါဆေးခန်းတွင် ဆေးဝါးလုံလောက်မှုမရှိသဖြင့် ဘူးသိုမြို့နယ်ရှိ အခြား KDHW ဆေးခန်းသို့ ၎င်းအားထပ်မံပို့ဆောင်ခဲ့ပါသည်။ ဒဏ်ရာရရှိပြီးသည့်နောက် စောည--- နှင့် ၎င်း၏မိသားစုတို့သည် အသက်မွေးဝမ်းကြောင်းစိန်ခေါ်မှု အခက်အခဲများဖြင့် ကြုံတွေ့နေကြရပါသည်။ ဤဓာတ်ပုံတွင် မြန်မာစစ်တပ်ဒရုန်းတိုက်ခိုက်မှု ဖြစ်ပွားသောနေရာ၌တည်ရှိသည့် ဘဟ--- IDP နေရာ၌ လတ်တလောဆောက်လုပ်ထားသည့် စစ်ဘေးရှောင်မိသားစုတစ်စု၏ တဲပုံဖြစ်ပါသည်။ *(ဓာတ်ပုံ - KHRG)*



ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် မူတြော်ခရိုင်၊ ဘူးသိုမြို့နယ်၊ ထီးသဒေါ့ထကျေးရွာအုပ်စု၊ ဘလ--- ရွာသားတစ်ဦး ထံမှ

လက်ခံရရှိခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ မနက်ပိုင်းတွင် ဘူးသိုမြို့နယ်၊ သဝေါ်ပလေနှင့်ဖောထီးခူစစ်တပ်စခန်းတို့တွင် အခြေစိုက်သည့် မြန်မာစစ်တပ်ပူးပေါင်းတပ်ဖွဲ့များနှင့် နယ်ခြားစောင့်တပ် (BGF) တပ်ရင်းအမှတ် (၁၀၁၄) တို့မှ ဘက--- နေရာသို့ ၁၂၀ မမ လက်နက်ကြီးတစ်လုံးအားပစ်ခတ်ခဲ့သဖြင့် နော်ယ--- (အသက် ၃၅ နှစ်) သည် သူမ၏ဝမ်းဗိုက်နှင့်ပေါင်တွင် ဒဏ်ရာရရှိသွားခဲ့ပါသည်။ ဒေသခံရွာသားများ၏ပြောပြချက်အရ KNLA မှ လွန်ခဲ့သောညနေဘက်တွင် မြန်မာစစ်တပ်နှင့် BGF တို့အား ဒရုန်းဖြင့်တိုက်ခိုက်ခဲ့သောကြောင့် ၎င်းတို့မှ လက်နက်ကြီးပစ်ခတ်ခဲ့ခြင်းဖြစ်ပါသည်။ အထက်ဖော်ပြပါခါတ်ပုံများသည် ထီးသဒေါ့ထကျေးရွာအုပ်စုရှိ KDHW ကျန်းမာရေးဝန်ထမ်းများထံမှ ဆေးကုသမှုခံယူနေသော နော်ယ--- ၏ပုံများဖြစ်ပါသည်။ *(ခါတ်ပုံ များ - ဒေသခံရွာသား)*



ဤခါတ်ပုံကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ဖလာခို့ကျေးရွာအုပ်စု၊ ဘမ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာစစ်တပ်မှ ဖလာခို့ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ လက်နက်ကြီးများပစ်ခတ်ခဲ့ပါသည်။ ဤခါတ်ပုံတွင် ဖလာခို့ကျေးရွာအုပ်စု၊ ဘမ--- ကျေးရွာမှ မိသားစုတစ်စုသည် ဖလာခို့ကျေးရွာအုပ်စုတွင်းရှိ တောထဲတစ်နေရာ၌ ထွက်ပြေးတိမ်းရှောင်နေကြသောပုံကို ဖော်ပြထားပါသည်။ အဆိုပါစစ်ဘေးရှောင်ရွာသားများသည် အသက်မွေးဝမ်းကြောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု အခက်အခဲများကို ကြုံတွေ့နေကြရပါသည်။ *(ခါတ်ပုံ - ဒေသခံရွာသား)*





ဤခါတ်ပုံများကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ လောခေါ်ထီးကျေးရွာအုပ်စု၊ ဘန--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ ၇ ရက်နေ့ မနက် ၁၁ နာရီကျော်ခန့်တွင် မြန်မာစစ်တပ်၏တိုက်လေယာဉ်တစ်စီးမှ ဘန--- ကျေးရွာသို့ ပေါင် ၅၀၀ ဗုံးနှစ်လုံး ကြဲချခဲ့ပါသည်။ ၎င်းတို့ထဲမှဗုံးတစ်လုံးသည် ဘန--- ဘုန်းကြီးကျောင်းဝင်းထဲသို့ ကျရောက်ပေါက်ကွဲသွားခဲ့ပြီး အဆောက်အအုံ၏ခေါင်မိုးနှင့်နံရံများစွာ ပျက်စီးသွားခဲ့ပါသည်။ ကျရောက်ပေါက်ကွဲသွားခဲ့သည် အခြားဗုံးတစ်လုံးကြောင့် စောဈ--- ၊ စောဈအ---၊ စောဈဘ--- နှင့် စောဈဆ--- တို့ပိုင်ဆိုင်သည် နေအိမ်လေးလုံးပျက်စီးသွားခဲ့ပါသည်။ ဘယ်ဘက်ရှိခါတ်ပုံသည် ဘုန်းကြီးကျောင်းဝန်းအတွင်း အပျက်အယွင်းပုံကို ဖော်ပြထားပြီး ညာဘက်ရှိခါတ်ပုံသည် မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုပြီးနောက် မီးလောင်ကျွမ်းသွားသည့် ဘန--- ရွာသားများ၏ နေအိမ်ခါတ်ပုံများကို ဖော်ပြထားပါသည်။ *(ခါတ်ပုံများ - KHRG)*




ဤဓာတ်ပုံကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ တေးမူဒဲကျေးရွာအုပ်စု၊ ဘဝ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ ၉ ရက်နေ့ ညနေ ၁း၁၅ မိနစ်တွင် မြန်မာစစ်တပ်၏တိုက်လေ ယာဥ်တစ်စီးမှ ဘဝ--- ကျေးရွာရှိ ရွာသားများ၏နေအိမ်များသို့ ပေါင် ၅၀၀ ဖုံးတစ်လုံးကြဲချခဲ့သဖြင့် ရွာသားသုံးဦးသေဆုံးသွားခဲ့ပြီး ငါးဦးဒဏ် ရာရရှိသွားခဲ့ပါသည်။ သေဆုံးသွားသည့်ရွာသားများသည် ရင်ဘက်နှင့် ညာဘက်ခြေထောက်တွင် လက်နက်ကြီးအပိုင်းအစထိမှန်သွားသော အ သက် ၇၀ နှစ်ရှိ နော်ဈဒ---၊ ညာဘက်လက်မောင်းတွင် လက်နက်ကြီး အပိုင်းအစ ထိမှန်သွားသော အသက် ၄ နှစ်ရှိ မြေမလေးဖြစ်သူ နော်ဈဃ--- နှင့် ဦးခေါင်းတွင် ဒဏ်ရာရရှိသွားသော အသက် ၅၇ နှစ်ရှိ နော်တခ--- တို့ဖြစ်ကြပါသည်။ Stronghold Rescue & Relief မှ နော်တခ--- အား ဆေးကုသမှုခံယူရန်သယ်ယူသွားစဥ် ဆေးရုံသို့မရောက်မီတွင် သေဆုံး သွားခဲ့ပြီး ထိုနေ့တစ်ညထဲတွင် သူမ၏ရုပ်အလောင်းအားမြှုပ်နှံရန်အ တွက် ဘဝ--- ကျေးရွာသို့ ပြန်သယ်ဆောင်လာခဲ့ကြပါသည်။ နော်တခ--- ၏သမီးနှစ်ဦးဖြစ်သည့် နော်ဈဂ--- နှင့် ကိုယ်ဝန်ဆောင်နေသော နော်ဈ ဟ--- (အသက် ၂၁ နှစ်) တို့လည်း ဒဏ်ရာရရှိသွားခဲ့ကြပြီး နော်ဈဂ--- သည် ဦးခေါင်းတွင် ဒဏ်ရာအနည်းငယ်ရရှိခဲ့ကာ နော်ဟ--- သည် ရင် ဘက်တွင် ဒဏ်ရာရရှိသွားခဲ့ပါသည်။ နော်တခ--- ၏ သားမက်ဖြစ်သူ စော ဈဇ--- (အသက် ၂၈ နှစ်) သည် ၎င်း၏ဝမ်းဗိုက်၊ ပုခုံးနှင့်ပေါင်တို့ တွင် ဒဏ်ရာရရှိသွားခဲ့ပါသည်။ စောဈသ--- (အသက် ၇၂ နှစ်) သည် ၎င်း၏ဦးခေါင်း၊ ကျောကုန်းနှင့် ခြေထောက်တို့တွင် ဒဏ်ရာရရှိသွားခဲ့ ပါသည်။ စောဈက--- (အသက် ၁၈ နှစ်) သည် ၎င်း၏ပေါင်တွင် ဒဏ်ရာ ရရှိသွားခဲ့ပါသည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုကြောင့် နော်ဈဒ---၊ နော်တခ---၊ နော်ဈလ--- (အသက် ၄၈ နှစ်)၊ စောဈသ---၊ နော်ဈမ--- (အသက် ၄၃ နှစ်)၊ နော်ဈန--- (အသက် ၅၂ နှစ်) နှင့် နော်ဈ ဝ--- (အသက် ၄၃ နှစ်) တို့ပိုင်ဆိုင်သည့် နေအိမ်ခုနစ်လုံး ပျက်စီးသွားခဲ့ပါ သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် အိမ်မွေးတိရိစ္ဆာန်များလည်း သေဆုံးသွားခဲ့ပါသည်။ ဤဓာတ်ပုံသည် ရွာသားများမှ နော်ဈဒ--- နော်ဈ ဃ--- နှင့် နော်တခ--- တို့၏ရုပ်အလောင်းများကို မြှုပ်နှံရန်အတွက် စီစဥ် နေကြသောပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ - KHRG)*





ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ တေးမူဒဲကျေးရွာအုပ်စု၊ ဘပ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ ၉ ရက်နေ့ ညနေ ၁း၁၀ မိနစ်တွင် မြန်မာစစ်တပ်၏ တိုက်လေယာဉ်တစ်စီးသည် ဘပ--- ကျေးရွာသို့ ဗုံးတစ်လုံးကြဲချခဲ့ပြီး အဆိုပါဗုံးသည် မဈပ--- ၏ဆီအုန်းခြံထဲသို့ကျရောက်ခဲ့ပါသည်။ ထို့နောက် ညနေ ၁း၂၀ မိနစ်တွင် မြန်မာစစ်တပ်မှ ဘပ--- ကျေးရွာထဲသို့ လေကြောင်းတိုက်ခိုက်မှုထပ်မံပြုလုပ်ခဲ့ပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် စောဈခ--- (အသက် ၅၀ နှစ်) ၏နေအိမ်မီးလောင်သွားခဲ့ပြီး ၎င်း၏ဈေးဆိုင်၊ ခွေးခုနှစ်ကောင်နှင့် ဝက်တစ်ကောင်သေဆုံးသွားခဲ့ပါသည်။ နော်ဈရ (အသက် ၅၅ နှစ်)၊ နော်ဈစ--- (အသက် ၄၀ နှစ်)၊ စောဈတ--- (အသက် ၇၆ နှစ်)၊ စောလသ--- (အသက် ၅၀ နှစ်) နှင့် နော်ဈဖ--- (အသက် ၃၂ နှစ်) တို့၏နေအိမ်များ ပျက်စီးသွားခဲ့ပြီး နော်ဈဖ--- ၏ ဝက်တစ်ကောင်ဒဏ်ရာရရှိသွားခဲ့ပါသည်။ ထို့အပြင် ဘုရားရှိခိုးကျောင်းတစ်လုံး၊ ထမင်းစားဆောင်တစ်လုံး၊ ဘုရားကျောင်းတွင်းရှိ အိမ်တစ်လုံးပျက်စီးသွားခဲ့ပါသည်။ မြန်မာစစ်တပ်၏တိုက်လေယာဉ်မှ ကျေးရွာထဲသို့ စုစုပေါင်း ပေါင် ၅၀၀ ဗုံးလေးလုံးကြဲချခဲ့ကြောင်း ရွာသားများမှ ပြောပြခဲ့ပါသည်။ အဆိုပါ ဗုံးကြဲတိုက်ခိုက်မှုပြီးသည့်နောက် ရွာသားများသည် ဘဂ--- ကျေးရွာမှ တောထဲသို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ဘယ်ဘက်ရှိဓာတ်ပုံသည် ရွာသားများ၏နေအိမ်များ ပျက်စီးသွားသောပုံကို ဖော်ပြထားပါသည်။ ညာဘက်ရှိဓာတ်ပုံသည် ပျက်စီးသွားသော ဘုရားရှိခိုးကျောင်း၏ပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံများ - KHRG)*





ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် မူတြော်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ မာလေးလယ်ကျေးရွာအုပ်စု၊ ဘရ--- ကျေးရွာရှိ ဘခ--- ရွှေတူးဖော်ရေးနေရာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ ညနေ ၃း၁၀ မိနစ်တွင် မြန်မာစစ်တပ်၏တိုက်လေယာဉ်တစ်စီးမှ ဘခ--- ရွှေတူးဖော်ရေးနေရာ၌ ပေါင် ၃၀၀ ဗုံးနှစ်လုံးအား ကြဲချခဲ့ပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် အလုပ်သမားနှစ်ဦးဖြစ်သော ဒူးသထူခရိုင်၊ ဘီးလင်းမြို့နယ်မှ ကိုဈထ--- (အသက် ၁၆ နှစ်) နှင့် ဧရာဝတီတိုင်းမှ ဦးဈည--- (အသက် ၅၂ နှစ်) တို့နေရာတွင် ချက်ချင်းသေဆုံးသွားခဲ့ပါသည်။ အခြားအလုပ်သမား ၁၃ ဦးလည်းထိမှန် ဒဏ်ရာရရှိသွားခဲ့ပါသည်။ အဆိုပါထိခိုက်ဒဏ်ရာရရှိသွားခဲ့သူများသည် ဦးဈယ---၊ ဒေါ်ဈဈ---၊ မောင်ယအ---၊ မယဘ---၊ မယဆ---၊ ဒေါ်ယဒ---၊ ဒေါ်ယဃ---၊ မစက---၊ ယဂ---၊ မယဟ---၊ ယဇ---၊ ယသ--- နှင့်ယက--- တို့ဖြစ်ကြပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုတွင် တဲလေးလုံး၊ ရေထိုးပိုက်စက်လေးလုံး၊ ဓာတ်ဆီတိုင်ကီ ၂၀ လုံးနှင့် အခြားသောရွှေတူးဖော်ရေးစက်ပစ္စည်းများ ပျက်စီးသွားခဲ့ပါသည်။ ဘက်ဘက်ရှိဓာတ်ပုံသည် ရွှေတူးဖော်ရေးနေရာသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်သော

ပုံကိုဖော်ပြထားပါသည်။ ညာဖက်ရှိဓာတ်ပုံသည် ဒဏ်ရာရှိသွားခဲ့ကြသော ရွှေတူးဖော်ရေးအလုပ်သမားများကို လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားသည့်နေ့ရာမှ သယ်ဆောင်သွားသောပုံကို ဖော်ပြထားပါသည်။ *(ဘယ်ဘက်ပုံ - KHRG၊ ညာဘက်ပုံ - ဒေသခံအာဏာပိုင်)*



ဤဓာတ်ပုံကို ၂၀၂၆ ခုနှစ်၊ မေလတွင် မူတြော်ခရိုင်၊ ထီးလယ်ပူ ကျေးရွာအုပ်စု၊ ဘစ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် မြန်မာစစ်တပ်၏ တိုက်လေယာဉ်တစ်စီးမှ ဘစ--- ကျေးရွာသို့ ဗုံးနှစ်လုံးကြဲချခဲ့ပါသည်။ အဆိုပါဗုံးများသည် ဆေးခန်းတစ်လုံးနှင့် ဘုရားရှိခိုကျောင်းဝင်းထဲသို့ ကျရောက်ပေါက်ကွဲသွားခဲ့ပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် ဆေးရုံ၊ ကျန်းမာရေးဝန်ထမ်းများ၏ နေရာထိုင်ခင်းများ၊ ဘုရားရှိခိုကျောင်းတစ်လုံးနှင့် ဘုရားရှိခိုးကျောင်း၏ ထမင်းစားဆောင်တစ်လုံး လုံးဝပျက်စီးသွားခဲ့ပါသည်။ ဤဓာတ်ပုံသည် ပျက်စီးသွားသော ဘစ--- ဆေးခန်း၏ပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံ - KHRG)*





ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ ခဲပါထကျေးရွာအုပ်စု၊ ဘတ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ ညနေ ၄ နာရီမှ ညနေ ၅း၃၀ မိနစ်အထိ မြန်မာစစ်တပ်မှ ဘတ--- ကျေးရွာသို့ တိုက်လေယာဉ်နှင့် Y-12 လေယာဉ်များဖြင့် လေကြောင်းတိုက်ခိုက်မှုများကို အဆက်မပြတ်ပြုလုပ်ခဲ့သောကြောင့် ရွာသားသုံးဦးသေဆုံးသွားခဲ့ပြီး ၁၁ ဦးဒဏ်ရာရရှိသွားခဲ့ပါသည်။ သေဆုံးသွားသည့်ရွာသားသုံးဦးတို့သည် စောယလ--- (အသက် ၆၃ နှစ်)၊ စောယမ--- (အသက် ၂၈ နှစ်) နှင့် စောယန--- (အသက် ၄၃ နှစ်) တို့ဖြစ်ကြပါသည်။ ဒေသခံရွာသားများ၏ ပြောပြချက်အရ မြန်မာစစ်တပ်မှ ခလတ်စတာဗုံး၊ ပေါင် ၅၀၀ ဗုံးနှင့် ပေါင် ၃၀၀ ဗုံးများအပါအဝင် ခန့်မှန်းခြေအားဖြင့် ဗုံးအလုံးပေါင်း ၁၁၀ အား ကျေးရွာထဲသို့ ကြဲချခဲ့ပါသည်။ အဆိုပါလေယာဉ်မှ ဒုံးကျည်များ၊ အော်လီဂန်လက်နက်ကြီးများနှင့် ကျေးရွာတွင်းသို့ Y-12 ဖြင့်စက်သေနတ်များပစ်ခတ်ခဲ့ပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုကြောင့် စာသင်ကျောင်း၊

ဆေးခန်းနှင့် ဘုရားရှိခိုးကျောင်းအဆောက်အအုံများပျက်စီးသွားခဲ့ပြီး ရွာသားများ၏နေအိမ်အနည်းဆုံး ၂၀ လုံးမီးလောင်သွားခြင်း၊ ကျေးရွာတွင်းရှိနေအိမ်များအားလုံးနီးပါး ပျက်စီးသွားခြင်း၊ ကားအများ၊ စက်ပစ္စည်းများနှင့်ပိုင်ဆိုင်မှုများ ပျက်စီးသွားခဲ့ပါသည်။ အဆိုပါလေကြောင်းတိုက်ခိုက်မှုဖြစ်ပွားသည့်အချိန်တွင် ကျေးရွာအနီး သို့မဟုတ် ကျေးရွာထဲတွင် မည်သည့်တိုက်ပွဲမှ ဖြစ်ပွားခဲ့ခြင်းမရှိပါ။ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁၆ ရက်နေ့တွင် မြန်မာစစ်တပ်မှ ဘတ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှု ထပ်မံပြုလုပ်ခဲ့သဖြင့် စောယဝ--- (အသက် ၅၄ နှစ်) ဒဏ်ရာရရှိသွားခဲ့ပါသည်။ လေကြောင်းတိုက်ခိုက်မှုပြီးသည့်နောက် ကျေးရွာထဲရှိရွာသားများနှင့် အနီးအနားကျေးရွာများရှိ ရွာသားများသည် တောထဲသို့ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး အချို့ရွာသားများသည် ထိုင်းနိုင်ငံသို့ ထွက်ပြေးခဲ့ကြပါသည်။ စစ်ဘေးရှောင်ရွာသားများသည် အစားအစာ၊ နေရာထိုင်ခင်း၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုစသည့် စိန်ခေါ်မှုများဖြင့် ကြုံတွေ့နေကြရပါသည်။ ဘယ်ဘက်ရှိဓာတ်ပုံသည် မြန်မာစစ်တပ်မှ ဘတ--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုအတွင်း ပျက်စီးမှုများကိုဖော်ပြထားပါသည်။ ညာဘက်ရှိဓာတ်ပုံသည် ကျရောက်ပေါက်ကွဲသွားသော ဗုံးတစ်လုံး၏အပိုင်းအစပုံကို ဖော်ပြထားပါသည်။[8] *(ဓာတ်ပုံများ - KHRG)*

## ဒူးပလာယာခရိုင်







ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် ဒူးပလာယာခရိုင်၊ နို့တကော (ကြာအင်းဆိပ်ကြီး) မြို့နယ်၊ နို့တော်ပလားကျေးရွာအုပ်စု၊ ဒေသ--- ကျေးရွာတွင် ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ မနက် ၉ နာရီတွင် နို့တကောမြို့နယ်မှ ရွာသား ၆၀၀ ဝန်းကျင်ခန့်သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် မြန်မာအာဏာသိမ်းစစ်တပ်မှ ကျင်းပပြုလုပ်သော ဒုတိယနှင့် တတိယအကြိမ်ရွေးကောက်ပွဲအား ဆန္ဒပြဆန့်ကျင်ခဲ့ကြပါသည်။ အဆိုပါဆန္ဒပြပွဲကို ဒူးပလာယာခရိုင်ရှိ မြို့နယ်လေးမြို့နယ်အားလုံးတို့တွင် ပြုလုပ်ခဲ့ပါသည်။ ဆန္ဒပြပွဲအတွင်း ၎င်းတို့မှာ ကြွေးကြော်သံခြောက်ချက်ပြုလုပ်ခဲ့ပါသည်။ ၎င်းတို့မှာ *(၁) ပြည်သူကိုညှင်းဆဲသတ်ဖြတ်သည့် အစိုးရအလိုမရှိ (၂) စစ်အာဏာရှင်အတုအယောင်ရွေးကောက်ပွဲ အလိုမရှိ (၃) စစ်အာဏာရှင်စနစ်နှင့် မဟာလူမျိုးကြီးဝါဒ အလိုမရှိ (၄) လူမျိုးပေါင်းစုံ စည်းလုံးညီညွတ်မှုတည်ဆောက်ရေး (၅) ကော်သူးလေအစိုးရတည်ဆောက်ရေးနှင့် (၆) စစ်ခွေးထွက်ပေါက် ၂၆ မဲမပေးနဲ့* တို့ဖြစ်ကြပါသည်။ ဆန္ဒပြပွဲသည် ၁ နာရီခန့်ကြာမြင့်ခဲ့ပါသည်။ အထက်ဖော်ပြပါဓာတ်ပုံများသည် မြန်မာအာဏာသိမ်းစစ်တပ်၏ ရွေးကောက်ပွဲကို ရွာသားများမှ ဆန္ဒပြဆန့်ကျင်နေသောပုံကို ဖော်ပြထားပါသည်။[9] *(ဓာတ်ပုံ - KHRG)*

[8] KHRG မှ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော "မူတြော်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - မြန်မာစစ်တပ်၏လေကြောင်းတိုက်ခိုက်မှုကြောင့် လူသောမြို့နယ်ရှိ ရွာသား (၃) ဦးထိမှန်သေဆုံး၍ (၁၂) ဦးဒဏ်ရာရရှိပြီး ရပ်ရွာအဆောက်အဦးများလည်းထိခိုက်ပျက်စီး (၂၀၂၆ ခုနှစ်၊ ဧပြီလ) " တွင် ကြည့်ပါ။

[9] KHRG မှ ၂၀၂၆ ခုနှစ်၊ မေလတွင် ထုတ်ဝေသော "ဒူးပလာယာခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - နို့တကောမြို့နယ်အတွင်း မြန်မာစစ်တပ်မှ လက်နက်ကြီးပစ်ခတ်ခြင်း၊ တိုက်ပွဲဖြစ်ပွားခြင်းနှင့်မြန်မာစစ် တပ်၏ရွေးကောက်ပွဲကို ရွာသားများဆန့်ကျင်ဆန္ဒပြခြင်း (၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ လမှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအထိ)" တွင် ကြည့်ပါ။



ဤဓာတ်ပုံကို KHRG မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ တခါ့ကလိုး (ကြခတ်ချောင်း) ကျေးရွာအုပ်စု၊ ဘဖ--- ကျေးရွာရှိ ဒေသခံခေါင်းဆောင်တစ်ဦးထံမှ လက်ခံရရှိခဲ့ပါသည်။ ဤဓာတ်ပုံသည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဘဖ--- ကျေးရွာရှိ ရော်ဘာခြံထဲ၌ မြန်မာစစ်တပ်၏ ခလရ အမှတ် (၂၈၄) မှစစ်သားများ၏ စက်သေနတ်ဖြင့် ပစ်ခတ်ခြင်းကိုခံရပြီး သေဆုံးသွားခဲ့သော မယပ--- (အသက် ၄၁ နှစ်) ၏ ရုပ်အလောင်းကို ဖော်ပြထားပါသည်။ မယပ--- သည် သူမ၏ ဘယ်ဘက်နားရွက်အောက်တွင်ထိမှန်ကာ ချက်ချင်းသေဆုံးသွားခဲ့ပါသည်။ အဆိုပါပစ်သတ်မှုပြီးသည့်နောက် ဘဖ--- ကျေးရွာမှရွာသားများသည် ၎င်းတို့၏နေအိမ်များမှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။[10] *(ဓာတ်ပုံ - ဒေသခံခေါင်းဆောင်)*





ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဒူးပလာယာခရိုင်၊ ကော်တရီ (ကော့ကရိတ်) မြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ ဘထ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာစစ်တပ်မှ ဘထ--- ကျေးရွာသို့ဒရုန်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပါသည်။ အဆိုပါဒရုန်းတိုက်ခိုက်မှုတွင် ရွာသားများ၏နေအိမ်များနှင့် ပိုင်ဆိုင်မှုများ ပျက်စီးသွားခဲ့ပါသည်။ ရွာသားများ၏ပြောပြချက်အရ တော်လှန်ရေးတိုက်ဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားပြီးသည့်နောက် မြန်မာစစ်တပ်မှ ဒရုန်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။ ဘယ်ဘက်ဓာတ်ပုံတွင် မပေါက်ကွဲသေးပဲကျန်ရှိနေသည့် လက်နက်ကြီးများ၏ပုံကိုဖော်ပြထားပြီး ညာဘက်ဓာတ်ပုံတွင် ရွာသားတစ်ဦး၏နေအိမ်ခေါင်မိုး ပျက်စီးသွားသောပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံများ- KHRG)*

[10] KHRG မှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ထုတ်ဝေသော "ဒူးပလာယာခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - နို့တကောမြို့နယ်တွင် မြန်မာစစ်တပ်မှ ရွာသားတစ်ဦးကိုပစ်သတ် (၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ) " တွင် ကြည့်ပါ။




ဤဓာတ်ပုံကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် ဒူးသထူခရိုင်၊ နို့တကော မြို့နယ်၊ လေးဝါ့ခကျေးရွာအုပ်စု၊ ဘည--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ မနက် ၁၀ နာရီဝန်းကျင်ခန့်တွင် မြန်မာစစ်တပ်မှ နို့တကောမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့ရှိ စစ်ဆေးရေးတစ်ခု၌ လူငယ်လေးဦးအား ဖမ်းဆီးကာပြင်းထန်စွာရိုက်နှက်ခဲ့ပါသည်။ အဆိုပါရွာသားလေးဦးဖြစ်ကြသော စောယ ခ--- (အသက် ၂၂ နှစ်)၊ စောယရ--- (အသက် ၁၈ နှစ်)၊ စောယစ--- (အသက် ၁၆ နှစ်) နှင့် စောယတ--- (အသက် ၁၉ နှစ်) တို့အား လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့နှင့် ဆက်နွယ်ပတ်သက်ကြောင်း မြန်မာစစ်တပ်မှ စွပ်စွဲပြီးနောက် ၎င်းတို့အား စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခဲ့ပါသည်။ အဆိုပါလူငယ်လေးဦးသည် ၎င်းတို့၏သူငယ်ချင်း အမျိုးသမီးနှစ်ဦးကို ကြာအင်းဆိပ်ကြီးမြို့မှတဆင့် အခြားသောကျေးရွာသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြပါသည်။ အဆိုပါအမျိုးသမီးနှစ်ဦးသည် ဖမ်းဆီးမခံရကြပဲ ဒေသခံအာဏာပိုင်တစ်ဦးထံမှ အကူအညီတောင်းကာ ၎င်းမှ ဖမ်းဆီးခံထားရသော ရွာသားလေးဦးသည် မည်သည့်လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ နှင့်ပတ်သက်မှုမရှိကြောင်း မြန်မာစစ်တပ်ထံပြောပြခဲ့ပါသည်။ ထို့နောက် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့ ဖမ်းဆီးခံရပြီးသည့် နာရီအနည်းငယ်ကြာပြီးနောက် မနက် ၁၁ နာရီတွင် ၎င်းတို့ပြန်လည်လွတ်မြောက်လာခဲ့ပါသည်။ ဤဓာတ်ပုံတွင် မြန်မာစစ်တပ်၏စစ်သားများမှ စောယခ--- အားတုတ်တစ်ချောင်းဖြင့် ရိုက်နှက်ပြီးသည့်နောက် ၎င်း၏ကျောပြင်ဘက်တွင် ရိုက်နှက်ဒဏ်ရာထင်ကျန်နေသောပုံကို ဖော်ပြထားပါသည်။[11] *(ဓာတ်ပုံ - KHRG)*

[11] KHRG မှ ၂၀၂၆ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော "ဒူးပလာယာခရိုင် မှခင်းဖော်ပြသည့်မှတ်တမ်းလွှာ - နို့တကောမြို့နယ်တွင် မြန်မာ စစ်တပ်မှ အသက် (၁၆)နှစ်အရွယ်ယောက်ျားလေးတစ်ဦးအပါအဝင် ရွာသားလေးဦးအား ဖမ်းဆီးရိုက်နှက် (၂၀၂၆ ခုနှစ်၊ မတ်လ)" တွင် ကြည့်ပါ။



ဤဓာတ်ပုံနှစ်ပုံကို ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် ဒူးပလာယာခရိုင်၊ နို့တကောမြို့နယ်၊ မဲ့ကသာကျေးရွာအုပ်စု၊ ဘယ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် မြန်မာစစ်တပ်မှ ဘယ--- ကျေးရွာသို့ ဒရုန်းတိုက်ခိုက်မှုပြုလုပ်ခဲ့ဖြင့် နောက်ရက--- (အ သက် ၃၁ နှစ်) နှင့် နော်ယဖ--- (အသက် ၃၃ နှစ်) သေဆုံးသွားခဲ့ကြပြီး နော်ယထ--- (အသက် ၆ နှစ်) ဒဏ်ရာရရှိသွားခဲ့ပါသည်။ အဆိုပါဒရုန်းမှ ပေါင် ၂၀၀ ဗုံးနှစ်လုံးကို နော်ရက--- ဈေးဆိုင်အနီးသို့ကြဲချခဲ့ပြီး ပေါက်ကွဲသွားသည့်ဗုံးအပိုင်းအစများထိမှန်ကာ ခန္ဓာကိုယ်တစ်ကိုယ်လုံး ဒဏ်ရာရရှိသွားခဲ့ပါသည်။ သူမအား DKBA ဆေးခန်းသို့ပို့ဆောင်ပေးခဲ့ပြီး တစ်နာရီကြာအတွင်း သေဆုံးသွားခဲ့ပါသည်။ နော်ယဖ--- ကိုလည်း ဗုံးအပိုင်းအစထိမှန်ပြီး သူမ၏ဘယ်ဘက်ပုခုံးတွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သောကြောင့် ဆေးခန်းသို့သွားရာလမ်း၌ သေဆုံးသွားခဲ့ပါသည်။ ဗုံးအပိုင်းအစများသည် သူမ၏သမီး နော်ယထ--- ကိုလည်းထိမှန်ပြီး သူမသည် ဘက်လက်မောင်းတွင် ဒဏ်ရာရရှိခဲ့ပါသည်။ နော်ယထ--- ကို DKBA ဆေးခန်းသို့ပို့ဆောင်ပေးခဲ့ပြီး သူမ၏လက်မောင်းတွင် စတီးချောင်းအစားထိုးထည့်ပေးခဲ့ပါသည်။ အဆိုပါဒရုန်းတိုက်ခိုက်မှုပြီးသည့်နောက် ဒဏ်ရာရသေဆုံးသွားသူများ၏မိသားစုဝင်များသည် ညအချိန် ၎င်းတို့၏နေအိမ်တွင်အိပ်ရန် အလွန်ကြောက်ရွံ့နေကြသောကြောင့် ၎င်းတို့နေအိမ်နောက်ဖေးရှိ ဗုံးခိုကျင်းထဲတွင် အိပ်ကြရပါသည်။ ထို့နည်းတူ အခြားရွာသားများသည်လည်း ၎င်းတို့နေအိမ်များနှင့်ဝေးသည့် အခြားနေရာများတွင် ယာယီအိပ်ခဲ့ကြပါသည်။ အထက်ဖော်ပြပါဓာတ်ပုံများတွင် မိခင်ဖြစ်သူ နော်ယခ--- သေဆုံးပြီးနောက် နော်ယထ--- နှင့်သူမ၏မိသားစုဝင်များ၏ အသက်ရှင်ရပ်တည်မှုအခြေအနေကို ဖော်ပြထားပါသည်။[12] *(ဓာတ်ပုံ - KHRG)*

[12] KHRG မှ ၂၀၂၆ ခုနှစ်၊ ဇွန်လတွင် ထုတ်ဝေသော "[ဒူးပလာယာခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ - မြန်မာစစ်တပ်၏ဒရုန်းတိုက်ခိုက်မှုကြောင့် နို့တကောမြို့နယ်ရှိ ရွာသားနှစ်ဦးသေဆုံးပြီး ကလေးတစ်ဦးဒဏ် ရာရရှိ၍ အရပ်သားပိုင်ဆိုင်မှုပစ္စည်းများ ထိခိုက်ပျက်စီးခြင်း (၂၀၂၆ ခုနှစ်၊ မတ်လ)]" တွင် ကြည့်ပါ။










ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ မေလတွင် ဒူးပလာယာခရိုင်၊ နို့တကော မြို့နယ်၊ နို့တကောကျေးရွာအုပ်စု၊ ဘဈ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ မေလ ၂၄ ရက်နေ့ ညနေ ၁၂း၃၀ ဝန်းကျင်ခန့်တွင် မြန်မာစစ်တပ်၏တိုက်လေယာဥ်တစ်စီးမှ ဘဈ--- ကျေးရွာသို့ ပေါင် ၅၀၀ ဗုံးနှစ်လုံးကြဲချခဲ့ပါသည်။ ဗုံးတစ်လုံးသည် ဒေါ်ယည--- (အသက် ၄၅ နှစ်) ၏နေအိမ်နှင့် စားသောက်ဆိုင်တစ်လုံးပေါ် ကျရောက်ပေါက်ကွဲခဲ့ဖြင့် ရွာသားသုံးဦးသေဆုံးသွားခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိသွားခဲ့ပါသည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုကြောင့် ဆိုင်ပိုင်ရှင် ဒေါ်ယည---၊ သူမ၏ဆိုင်ဝန် ထမ်းယယ--- (အသက် ၃၉ နှစ်) နှင့် ဧည့်သည်ဒေါ်ယဈ--- (အသက် ၄၉ နှစ်) တို့အားလုံး သေဆုံးသွားခဲ့ပါသည်။ စားသောက်ဆိုင်တွင် အလုပ်လုပ် သော ယယ--- ၏သမီး မညအ--- (အသက် ၁၆ နှစ်) သည် သူမ၏ညာဘက်ခြေထောက်တွင် ပြင်းထန်စွာဒဏ်ရာ ရရှိသွားခဲ့ပါသည်။ ပြင်းထန်စွာ ဒဏ်ရာရရှိပြီးသည့်နောက် ထိုင်းနိုင်ငံရှိ ဆဘ--- ဆေးရုံသို့ သူမကိုလွှဲ ပြောင်းခြင်းမပြုမီ သူမကို ဆအ--- ဆေးခန်းသို့ပို့ဆောင်ပေးခဲ့ပါသည်။ အခြားရွာသားတစ်ဦးဖြစ်သော ဦးညဘ--- (အသက် ၆၂ နှစ်) သည် ၎င်း၏ဦးခေါင်းတွင် ဒဏ်ရာအနည်းငယ်ရရှိသွားခဲ့ပါသည်။ အဆိုပါလေ ကြောင်းတိုက်ခိုက်မှုကြောင့် အခြားရွာသားနှစ်ဦး၏နေအိမ်များနှင့် ကားတစ်စီးပျက်စီးသွားခဲ့ပါသည်။ လေကြောင်းတိုက်ခိုက်မှုသည် ကိုယ်ထူကိုယ်ထအလယ်တန်းစာသင်ကျောင်းတစ်လုံး၏အနီးတွင် ဖြစ်ပွားခဲ့သောကြောင့် ဘေးကင်းလုံခြုံရန်အတွက် ထိုစာသင်ကျောင်းကို ပိတ်ခဲ့ရပါသည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုပြီးသည့်နောက် အချို့ရွာသားများသည် ထွက်ပြေးတိမ်းရှောင်ကာ ပို၍လုံခြုံသောနေရာတွင် အိပ်ခဲ့ကြပါ သည်။ အထက်ဘယ်ဘက်ဓာတ်ပုံတွင် ဒေါ်ယဈ--- ၏ခန္ဓာကိုယ်ပုံကို ဖော်ပြထားပြီး အထက်ညာဘက်ဓာတ်ပုံနှင့် အောက်ဘက်ဓာတ်ပုံ တို့တွင် ပျက်စီးသွားသော ဒေါ်ယည--- ၏ဈေးဆိုင်နှင့်အိမ်ပုံတို့ကို ဖော်ပြထားပါ သည်။ *(ဓာတ်ပုံများ - KHRG)*

## ဘားအံခရိုင်










ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ရိုက်ယူခဲ့ပါသည်။ မြန်မာစစ်တပ်မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ပြုလုပ်မည့် မြန်မာအာဏာသိမ်းစစ်တပ်၏ ဒုတိယအကြိမ်ရွေးကောက်ပွဲပြင်ဆင်ရန်အတွက် ဘားအံခရိုင်၊ ဆဆ--- မြို့သို့ စစ်ရေးလှုပ်ရှားမှုနှင့် စစ်သားများတိုးချဲ့ပို့ဆောင်ခဲ့ကြပါသည်။ ဤကဲ့သို့ စစ်တပ်တိုးချဲ့ရောက်ရှိလာခြင်းကြောင့် ဒေသခံရွာသားများသည် တိုက်ပွဲဖြစ်ပွားမည်ကို ကြောက်ရွံ့ကြကာ ပို၍လုံခြုံသောနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ အထက်ဘယ်ဘက်ဓာတ်ပုံသည် ဘားအံခရိုင်၊ တာကရယ် (ပိုင် ကျုံ) မြို့နယ်၊ ဆဒ--- ကျေးရွာ၌ ရိုက်ယူခဲ့သည် ရွာသားများ၏ဈေးဆိုင်များ ပိတ်ထားသောပုံကို ဖော်ပြထားပါသည်။ အထက်ညာဘက်ဓာတ်ပုံသည် တာကရယ်မြို့နယ်၊ မယ်ပရာကျေးရွာအုပ်စု၊ ဆဃ--- ကျေးရွာ၌ ရိုက်ယူခဲ့သည့် စစ်ရေးလှုပ်ရှားမှုများကြောင့် ထွက်ပြေးတိမ်းရှောင်နေရသော ရွာ သားများမှ ၎င်းတို့၏နေအိမ်များကို ပိတ်ထားခဲ့သော ပုံကိုဖော်ပြ ထားပါသည်။ အောက်ဘယ်ဘက်ဓာတ်ပုံသည် မြန်မာစစ်တပ်၏ တိုးချဲ့ဝင်ရောက်လာခြင်းကြောင့် အလားတူ ဆဃ--- ကျေးရွာရှိစာသင်ကျောင်းတစ်ကျောင်းပိတ်ခဲ့ရသောပုံကို ဖော်ပြထားပါသည်။ *(ဓာတ်ပုံများ- KHRG)*





ဤဓာတ်ပုံကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် ဘားအံခရိုင်၊ တနေးဆား (နဘူး) မြို့နယ်၊ ထို့ကော်ကိုးကျေးရွာအုပ်စု၊ တရ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဤဓာတ်ပုံတွင် တရ--- ကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်သည့် ဆဂ--- ကျေးရွာနှင့် ဆဟ--- ကျေးရွာမှ အိမ်ထောင်စု နှစ်ဆယ်၏ ဆောက်လုပ်ထားသော တဲများ၏ပုံကို ဖော်ပြထားပါသည်။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ၂၀၂၆ ခုနှစ်၊ မတ်လ နောက်ပိုင်းအထိ မြန်မာစစ်တပ်မှ လေကြောင်းတိုက်ခိုက်မှုများကို ကျေးရွာများသို့ပြုလုပ်ခဲ့သဖြင့် ရွာသားများသည် နေရာဒေသအသီးသီးသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ အချို့ရွာသားများသည် တောထဲသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပြီး ရွာသားအများစုသည် ဆဇ--- ကျေးရွာနှင့် တရ--- ကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ *(ဓာတ်ပုံ - KHRG)*




ဤဓာတ်ပုံကို ၂၀၂၆ ခုနှစ်၊ မတ်လတွင် ဘားအံခရိုင်၊ တာကရယ် မြို့နယ်၊ ထီးဖို့ကိုင်ကျေးရွာအုပ်စု၊ ဆသ--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဤဓာတ်ပုံတွင် နီးစပ်ရာတောထဲ၌ထွက်ပြေးတိမ်းရှောင်နေသော ဆဆ--- မြို့ရှိရွာသားများ၏ ပုံကိုဖော်ပြထားပါသည်။ မြန်မာစစ်တပ်စစ်သားများသည် ဆဆ--- ကျေးရွာသို့ရောက်ရှိလာ သည့်အချိန် ဇန်နဝါရီလမှစတင်၍ ဒေသခံရွာသားများသည် ကြောက်ရွံ့ကြသဖြင့် ယာယီထွက်ပြေးတိမ်းရှောင်ခဲ့ကြပါသည်။ ဆဆ--- မြို့နှင့် အနီးအနားကျေးရွာများရှိ ရွာသားများ၏ပြောပြချက်အရ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာစစ်တပ်မှ စစ်ရေးလှုပ်ရှားမှုများနှင့် စစ်ရေးလှုပ်ဆောင်မှုများကို စတင်လုပ်ဆောင်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ဆဆ--- မြို့ရှိ ဒေသခံရွာသားများ၏ပြောပြချက်အရ တိုက်ပွဲဖြစ်ပွားသည့်အချိန် ယာယီနေရပ်ရွှေ့ပြောင်းတိမ်းရှောင်စဥ် ကာလအတွင်း အချို့ရွာသားများ၏နေအိမ်များလုယက်ခံရခြင်းနှင့် ၎င်းတို့၏ဝက်များနှင့် ကြက်များလည်း ခိုးယူခြင်းခံရပါသည်။ ထို့ကြောင့်ရွာသားများသည် ခရီးသွားလာချိန် သို့မဟုတ် အသက်မွေးဝမ်းကြောင်းလုပ်ရန်သွားလာချိန်တွင် စိုးရိမ်ပူပန်ကြရပါသည်။ *(ဓာတ်ပုံများ - KHRG)*





ဤဓာတ်ပုံများကို ၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဘားအံခရိုင်၊ တနေးဆားမြို့နယ်၊ နို့ကေ့ကျေးရွာအုပ်စု၊ ဆဂ--- ကျေးရွာရှိ ဒေသခံရွာသားတစ်ဦးထံမှ လက်ခံရရှိခဲ့ပါသည်။ ဤဓာတ်ပုံများသည် ၂၀၂၆ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် မြန်မာစစ်တပ်၏တိုက်လေယာဉ်တစ်စီးမှ ဆဂ--- ကျေးရွာသို့ဗုံးကြဲချိန်၌ ဆဂ--- ကျေးရွာရှိ ဘုန်းကြီးကျောင်းအဆောက်အအုံပျက်စီးသွားသည့်ပုံများကို ဖော်ပြထားပါသည်။ ပထမဗုံးပေါက်ကွဲမှုတွင် ဘုန်းကြီးကျောင်းအဆောက်အအုံ၏ ဒုတိယအထပ်နှင့် တတိယအထပ်ပျက်စီးသွားခဲ့ပါသည်။ ရွာသားများနှင့်ဘာသာရေးခေါင်းဆောင်များသည် ကြောက်ရွံ့၍ကျေးရွာမှ ထွက်ပြေးနှင့်ပြီးဖြစ်သောကြောင့် ဒဏ်ရာရရှိသူများမရှိခဲ့ပါ။ ခဏကြာပြီးနောက် လေယာဉ်သည် ထိုနေရာဒေသသို့ ပျံဝဲကာ ဆဂ--- ကျေးရွာရှိလမ်းမပေါ်သို့ ဗုံးများထပ်မံကြဲချခဲ့သဖြင့် တဲတစ်လုံးနှင့် ဈေးဆိုင်တစ်လုံးမီးလောင်သွားခဲ့ပါသည်။ *(ဓာတ်ပုံများ - ဒေသခံရွာသား)*



ဤဓာတ်ပုံကို ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် ဘားအံခရိုင်၊ တာကရယ်မြို့နယ်၊ ဝါ့မီကလားကျေးရွာအုပ်စု၊ ဆက--- ကျေးရွာ၌ ရိုက်ယူခဲ့ပါသည်။ ဤဓာတ်ပုံသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့ည ၁၀ အချိန်တွင် မြန်မာစစ်တပ်မှ ဆက--- ကျေးရွာသို့ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ချိန်တွင် ပျက်စီးသွားသော တဲတစ်လုံး၏ပုံကို ဖော်ပြထားပါသည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုကြောင့် ဆေးခန်းတစ်လုံးပျက်စီးသွားခဲ့ပြီး ကြက်တစ်ကောင် သေဆုံးသွားခဲ့ပါသည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*

မြန်မာပြည်အရှေ့တောင်ပိုင်းတွင် ၂၀၂၆ ခုနှစ်မှစ၍ ဖြစ်ပေါ်နေသော လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေကိုနားလည်ရန် နောက်ထပ်အချက်အလက်များကို အောက်ပါ KHRG အစီရင်ခံစာများတွင် ဖတ်ရှုနိုင်ပါသည်။

- "Dooplaya District Situation Update: Challenges related to livelihood, education, healthcare, militarisation, displacement, travel restrictions, and drug issues in Waw Ray Township (January to March 2026)", July 2026.
- "Taw Oo District Situation Update: Burma Army activities caused livelihood, fuel, education, and healthcare challenges in Htaw Ta Htoo Township (January to March 2026)", July 2026.
- "Kler Lwee Htoo District Incident Report: Burma Army ground operations, air strikes, and shelling killed at least 31 villagers including 15 children, injured many others, and caused extensive property destruction and displacement in Ler Doh Township (March 2026)", July 2026.

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။